မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၅၀ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် ( ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် (၄၂/၂၀၁၉)**
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးမောင်မောင်အေး ကို ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် (၄၃/၂၀၁၉)**
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးခင်မောင်ဝင်း | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဦးတင်လတ် | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**ငြိမ်းချမ်းရေးကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ချမှတ်ပေးသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့်အမှတ် ၅၁/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **ငြိမ်းချမ်းရေးကော်မရှင်** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါက်တာတင်မျိုးဝင်း | ဥက္ကဋ္ဌ |
| (ခ) | ဦးသိန်းဇော် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပါမောက္ခဒေါက်တာအောင်ထွန်းသက် | အဖွဲ့ဝင် |
| (ဃ) | ဦးလှမော်ဦး | အဖွဲ့ဝင် |
| (င) | ဦးနိုင်ငံလင်း | အဖွဲ့ဝင် |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) | အတွင်းရေးမှူး |

၂။ ငြိမ်းချမ်းရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center-NRPC) က ချမှတ်ထားသော မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်ကောင်းမွန်သော အကြံပြုချက်များ ရှာဖွေဖော်ထုတ်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တင်ပြခြင်း၊

(ဃ) ပြည်တွင်းငြိမ်းချမ်းရေးနှင့်တစ်ဆက်တည်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကိုယ်စား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ခွင့်ပြုချက်ဖြင့် ငွေကြေးသုံးစွဲခြင်း၊

(စ) ငြိမ်းချမ်းရေးကော်မရှင်၏ ဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြခြင်း၊

(ဆ) ငြိမ်းချမ်းရေးကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ ငြိမ်းချမ်းရေးကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အကြံဉာဏ်များရယူနိုင်ရန် **အကြံပေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးလှမောင်ရွှေ

(ခ) ဒေါက်တာမင်းဇော်ဦး

(ဂ) ဦးမိုးဇော်ဦး

၄။ ငြိမ်းချမ်းရေးကော်မရှင်၏ လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် **အထောက်အကူပြုအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးအေးလွင် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးမောင်မောင်အေး | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်လင်းဦး | အဖွဲ့ဝင် |

၅။ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်လိုက်သည်။ ပြည်ထောင်စုဝန်ကြီးအဆင့်နှင့်လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

၆။ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေ၊ အဆောင်အယောင်နှင့် ခံစားခွင့်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၇။ ငြိမ်းချမ်းရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဌာနမှ သင့်လျော်သည့် ဝန်ထမ်းဦးရေဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၈။ နိုင်ငံတော်သမ္မတရုံးသည် ငြိမ်းချမ်းရေးကော်မရှင်၏ အကြံပေးအဖွဲ့ အဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့ အဖွဲ့ဝင်များကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၉။ အကြံပေးအဖွဲ့ အဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့ အဖွဲ့ဝင်များအတွက် လစာ၊ စရိတ်၊ အဆောင်အယောင်နှင့် ခံစားခွင့်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၁၀။ ငြိမ်းချမ်းရေးကော်မရှင်၏ အသုံးစရိတ်များကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းမှလည်းကောင်း၊ နိုင်ငံတကာထောက်ပံ့ကူညီမှုများမှလည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ကျခံသုံးစွဲနိုင်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

### အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း)

### (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

(၁၃၈၁ ခုနှစ်၊ လ ရက်)
(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုငွေမှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သုံးစွဲသည့် အစိုးရ၏ဝယ်ယူရေးနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ အစိုးရ၏ဝယ်ယူရေးနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲရေးလုပ်ငန်းဆောင်ရွက်မှုများကို ဆောင်ရွက်သော ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဝန်ကြီးဌာန တစ်ခုခုကို ဆိုသည်။

(င) **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း**ဆိုသည်မှာ ပြည်ထောင်စုအဆင့်အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(စ) **ဝယ်ယူသည့် ဌာနအဖွဲ့အစည်း**ဆိုသည်မှာ ဝယ်ယူရေးနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲရေးလုပ်ငန်းဆောင်ရွက်မှုများကို ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

(ဆ) **ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ အကြီးအမှူး**ဆိုသည်မှာ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေတို့အရ ခွင့်ပြုငွေဖြင့် ဝယ်ယူရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တာဝန်ရှိသောပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအကြီးအမှူးများ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအကြီးအမှူးများ ပါဝင်သည်။

(ဇ) **ခွင့်ပြုငွေ**ဆိုသည်မှာ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေပါ သက်ဆိုင်ရာဇယားတို့တွင် ဖော်ပြပါရှိသည့် သုံးငွေအရပ်ရပ်ကို ဆိုသည်။

(ဈ) **အစိုးရ၏ဝယ်ယူခြင်း**ဆိုသည်မှာ ဝယ်ယူသည့်ဌာန အဖွဲ့အစည်းက ခွင့်ပြုငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းများကို ဆိုသည်။

(ည) **နိုင်ငံပိုင်ပစ္စည်း**ဆိုသည်မှာ ဌာနလက်ဝယ်ရှိပစ္စည်းများ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ မြေ၊ အဆောက်အအုံ၊ အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်ခွင့်များနှင့် နိုင်ငံတော်မှ တရားဝင်ပိုင်ဆိုင်သည့် အခြားပိုင်ဆိုင်မှုများကို ဆိုသည်။

(ဠ) **ဌာနလက်ဝယ်ရှိပစ္စည်းများ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများ**ဆိုသည်မှာ ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ထိန်းချုပ်မှုအောက်တွင်ရှိသော သို့မဟုတ် ၎င်းပိုင်ဆိုင်သော သိုလှောင်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ မော်တော်ယာဉ်များ၊ ပရိဘောဂများ၊ ဌာနလက်ကျန်ပစ္စည်းနှင့် ပိုလျှံပစ္စည်းများကို ဆိုသည်။

(ဋ) **ထုခွဲခြင်း**ဆိုသည်မှာ အသုံးပြုပြီး ပိုလျှံသော၊ အသုံးပြုနိုင်သော သို့မဟုတ် အသုံးမပြုနိုင်သော သို့မဟုတ် ခေတ်မမီတော့သော ဌာနလက်ဝယ်ရှိ ပစ္စည်းများ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ စာရင်းမှ ပယ်ဖျက်ခြင်း၊ အလဲအလှယ်ပြုလုပ်ခြင်း သို့မဟုတ် အခြားပုံစံသို့ ပြောင်းလဲခြင်းကို ဆိုသည်။

(ဍ) **ကန်ထရိုက်တာ**ဆိုသည်မှာ အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းဆောင်ရွက်မှုများအတွက် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဎ) **တင်ဒါကော်မတီ**ဆိုသည်မှာ ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ အကြီးအမှူးက ဦးဆောင်ပြီး သက်ဆိုင်ရာဌာနများမှ ကော်မတီဝင်များအဖြစ် ပါဝင်သည့် အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(ဏ) **တင်ဒါတင်သွင်းသူ**ဆိုသည်မှာ အစိုးရ၏ ဝယ်ယူရေးလုပ်ငန်း ဆောင်ရွက်မှုတစ်ခုခုကို လုပ်ကိုင်နိုင်ရန် တင်သွင်းလျှောက်ထားသည့် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(တ) **တင်ဒါ**ဆိုသည်မှာ တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းတို့အတွက် ဖိတ်ခေါ်မှု သို့မဟုတ် တောင်းခံမှုကို တင်ဒါတင်သွင်းသူမှ ပြန်လည်တင်သွင်း အဆိုပြုခြင်း သို့မဟုတ် ဈေးနှုန်းအဆိုပြုခြင်းကို ဆိုသည်။

(ထ) **တင်ဒါစာရွက်စာတမ်းများ**ဆိုသည်မှာ ဝယ်ယူမည့်တည်ဆောက်ရေးလုပ်ငန်းများ၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ အရေအတွက်၊ အရည်အသွေးနှင့် စံသတ်မှတ်ချက်များ၊ တင်ဒါတင်သွင်းရန် လုပ်ငန်းစဉ်များနှင့် တင်ဒါစည်းကမ်းချက်များကို ဖော်ပြသည့် ဝယ်ယူသည့် ဌာနအဖွဲ့အစည်းမှ ထုတ်ပြန်သော စာရွက်စာတမ်းများကို ဆိုသည်။

(ဒ) **ဈေးနှုန်းအဆိုပြုလွှာတောင်းခံခြင်း**ဆိုသည်မှာ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဈေးကွက်တွင် အသင့်ဝယ်ယူရရှိနိုင်သည့် အရည်အသွေးမီ၍ တန်ဖိုးမျှသောပစ္စည်းများ သို့မဟုတ် တည်ဆောက်ရေး လုပ်ငန်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ဝယ်ယူရေးဆောင်ရွက်ရန် ကန်ထရိုက်တာထံမှ ၎င်းက တင်သွင်းမည့်ပစ္စည်း သို့မဟုတ် တည်ဆောက်ရေးလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှု၏တန်ဖိုး အဆိုပြုလွှာတောင်းခံခြင်းကို ဆိုသည်။

(ဓ) **ကန့်သတ်မှုမရှိသောတင်ဒါ**ဆိုသည်မှာ မည်သည့်တင်ဒါတင်သွင်းသူမဆို တင်ဒါစာရွက်စာတမ်းပါ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက တင်သွင်းနိုင်သည့် တင်ဒါနည်းလမ်းကို ဆိုသည်။

(န) **ကန့်သတ်တင်ဒါ**ဆိုသည်မှာ တင်ဒါတင်သွင်းသူ ၃ ဦးထက် မနည်းစေဘဲ အရေအတွက် ကန့်သတ်ပြီး ဖိတ်ခေါ်ယှဉ်ပြိုင်စေသည့် တင်ဒါနည်းလမ်းကို ဆိုသည်။

(ပ) **တိုက်ရိုက်ဝယ်ယူခြင်း**ဆိုသည်မှာ တင်ဒါမဖိတ်ခေါ်ဘဲ တိုက်ရိုက် စာချုပ်ချုပ်ဆို ဝယ်ယူသည့် နည်းလမ်းကို ဆိုသည်။

(ဖ) **နှစ်ဆင့်တင်ဒါ**ဆိုသည်မှာ တန်ဖိုးကြီးမားသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရှုပ်ထွေးခက်ခဲသော စီမံကိန်းများအတွက် ဝယ်ယူရေးဆောင်ရွက်ရာတွင် နည်းပညာအဆိုပြုလွှာကို ဦးစွာတင်သွင်းစေ၍ နည်းပညာစံချိန်စံညွှန်း ပြည့်မီသည့် တင်ဒါတင်သွင်းသူများကို စိစစ်ရွေးချယ်၍ ဈေးနှုန်း အဆိုပြုလွှာ ထပ်မံတင်သွင်းစေပြီး တင်ဒါအောင်မြင်သူ ရွေးချယ်သည့် နည်းလမ်းကို ဆိုသည်။

(ဗ) **စာချုပ်**ဆိုသည်မှာ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းနှင့် ကန်ထရိုက်တာ သို့မဟုတ် ပစ္စည်းပေးသွင်းသူတို့အကြား လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ကို ဆိုသည်။

(ဘ) **အစိုးရ၏ဝယ်ယူရေးလုပ်ငန်းစဉ်**ဆိုသည်မှာ ကြိုတင်အရည်အချင်းစိစစ်ခြင်းအပါအဝင် ဝယ်ယူရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုများ အားလုံးကို ဆိုသည်။

(မ) **ဝယ်ယူရေးအစီအစဉ်**ဆိုသည်မှာ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းက ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားရှိသည့် တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် ရေးဆွဲပြင်ဆင်ထားသည့် ဝယ်ယူရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်သက်ဆိုင်သော အချက်အလက်များ ပါဝင်သည့် အစီအစဉ်ကို ဆိုသည်။ ဝယ်ယူရေးအစီအစဉ်တွင် ဈေးကွက်အခြေအနေပေါ် မူတည်၍ အုပ်စုခွဲခြား သတ်မှတ်ထားသည့် တည်ဆောက်ခြင်းလုပ်ငန်း၊ ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ခန့်မှန်းတန်ဖိုးနှင့် အမည်များ၊ တင်ဒါခေါ်ယူသည့် နည်းလမ်းများနှင့် ဝယ်ယူရေးလုပ်ငန်း အဆင့်များနှင့် အဆင့်အလိုက် ပြီးစီးမည့် အချိန်သတ်မှတ်ချက်များ ပါဝင်သည်။

(ယ) **အဆိုပြုလွှာ တောင်းခံခြင်း**ဆိုသည်မှာ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သော စီမံကိန်းများအတွက် အဆိုပြုလွှာတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကန်ထရိုက်တာထံမှ အဆိုပြုလွှာများ တင်သွင်းရန် ဝယ်ယူသည့်ဌာနအဖွဲ့အစည်းက တောင်းခံခြင်းကို ဆိုသည်။

(ရ) **တင်ဒါအာမခံ**ဆိုသည်မှာ တင်ဒါတင်သွင်းသူသည် တင်ဒါတင်သွင်းခြင်းနှင့်သက်ဆိုင်သည့် ၎င်းကတာဝန်ယူရမည့် သတ်မှတ်ချက်များအား တင်ဒါစာရွက်စာတမ်းပါ သတ်မှတ်ကာလတစ်ခုအတွင်း အာမခံရန်အလို့ငှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် ဘဏ်တစ်ခုခုမှ ထုတ်ပေးသော ဘဏ်အာမခံကို ဆိုသည်။

(လ) **လုပ်ငန်းအာမခံ**ဆိုသည်မှာ ကန်ထရိုက်တာက ၎င်းတာဝန်ယူရမည့် လုပ်ငန်းပြီးစီးသည်အထိ ဆောင်ရွက်ရန်အတွက် အာမခံရန်အလို့ငှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် ဘဏ်တစ်ခုခုမှ ထုတ်ပေးသော ဘဏ်အာမခံကို ဆိုသည်။

(ဝ) **ပစ္စည်းများ**ဆိုသည်မှာ အရာဝတ္ထုပစ္စည်းများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများဖြစ်စေ၊ အသင့်အသုံးပြုနိုင်သော ဆော့ဝဲလ်နှင့် ပစ္စည်းများဖြစ်စေ၊ ကုန်ကြမ်းများ၊ နောက်ဆုံးထုတ်ကုန်များနှင့် ပစ္စည်းကိရိယာများဖြစ်စေ၊ ပစ္စည်းများသည် အစိုင်အခဲ၊ အရည် သို့မဟုတ် အငွေ့ပုံစံများဖြစ်စေ၊ ၎င်းတို့နှင့်ဆက်စပ်သော ဝန်ဆောင်မှုများဖြစ်စေ၊ အဆိုပါ ဝန်ဆောင်မှုများတန်ဖိုးသည် ကုန်ပစ္စည်းတန်ဖိုးထက် မကျော်လွန်သော ဆက်စပ်သည့် ဝန်ဆောင်မှုများကိုဖြစ်စေ ဆိုသည်။

(သ) **ဝန်ဆောင်မှုများ**ဆိုသည်မှာ တိုင်းတာနိုင်သော ရုပ်ဝတ္ထု၊ ထုတ်ကုန်များရရှိစေရန် အထောက်အပံ့ပေးသည့် လုပ်ငန်းဆောင်ရွက်မှုများကို ဆိုသည်။ ယင်းဝန်ဆောင်မှုများတွင် ရည်ရွယ်ချက်များပြီးမြောက်စေရန် ပစ္စည်းကိရိယာများအသုံးပြုခြင်း သို့မဟုတ် အခြား နည်းလမ်းများဖြင့် ဆောင်ရွက်ပေးမှုများ ပါဝင်သည်။

(ဟ) **အကြံပေးဝန်ဆောင်မှု**ဆိုသည်မှာ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုနှင့် အကြံဉာဏ်ပေးစွမ်းနိုင်မှု စသည့် သဘောသဘာဝရှိသော လုပ်ငန်းများကို ဆိုသည်။

(ဠ) **တည်ဆောက်ခြင်း**ဆိုသည်မှာ တည်ဆောက်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ အဆောက်အအုံမွမ်းမံခြင်း သို့မဟုတ် ပြင်ဆင်ခြင်း၊ အဆောက်အအုံပုံစံ သို့မဟုတ် စီမံကိန်း မြေနေရာပြင်ဆင်ခြင်း၊ မြေတူးဖော်ခြင်း၊ တိုင်ထောင်ခြင်း၊ ပစ္စည်းကိရိယာများ တပ်ဆင်ခြင်း၊ အလှဆင်ခြင်းနှင့် အပြီးသတ်တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကိုဖြစ်စေ၊ ဝန်ဆောင်မှု၏ တန်ဖိုးသည် တည်ဆောက်မှု၏ တန်ဖိုးထက် မပိုသော လွန်တူးခြင်း၊ မြေပုံဆွဲခြင်း၊ ဂြိုဟ်တုဓာတ်ပုံရိုက်ခြင်း၊ မြေသားစစ်ဆေးခြင်းနှင့် အလားတူ ဝန်ဆောင်မှုများ စသည့် တည်ဆောက်မှုနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုများကိုဖြစ်စေ ဆိုသည်။

(အ) **ဈေးနှုန်းကမ်းလှမ်းခြင်း**ဆိုသည်မှာ ရောင်းချခြင်း၊ ငှားရမ်းခြင်းများ ဆောင်ရွက်ရာတွင် လေလံခေါ်ယူရန်မလိုဘဲ "နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းဆိုင်ရာကော်မတီ" အနေဖြင့် ပစ္စည်းဝယ်ယူမည့်သူ သို့မဟုတ် ငှားရမ်းမည့်သူများထံသို့ ဈေးနှုန်းကမ်းလှမ်းတင်ပြပေးရန် တောင်းခံသည့် နည်းလမ်းကို ဆိုသည်။

(ကက) **နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ**ဆိုသည်မှာ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံရေးရာထူး လက်ရှိဖြစ်သူဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကြေညာခြင်းခံရသူကို ဆိုသည်။

( ခခ ) **ခုံအဖွဲ့**ဆိုသည်မှာ အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းဆောင်ရွက်မှုများတွင် တိုင်တန်းမှုအရပ်ရပ်ကို ကြားနာစစ်ဆေးဆုံးဖြတ်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော ခုံအဖွဲ့ကို ဆိုသည်။

( ဂဂ ) **အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သောစီမံကိန်းများ**ဆိုသည်မှာ အင်ဂျင်နီယာလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ပစ္စည်းကိရိယာများ ဝယ်ယူခြင်းများ ပါဝင်သည့် လုပ်ငန်းကြီးများ သို့မဟုတ် စီမံကိန်းလည်ပတ်ရန်အတွက် အင်ဂျင်နီယာလုပ်ငန်း၊ တည်ဆောက်ခြင်းနှင့် ပစ္စည်းကိရိယာများဝယ်ယူခြင်းများ ပါဝင်သော စီမံကိန်းကို ဆိုသည်။

(ဃဃ) **အရေးပေါ်အခြေအနေ**ဆိုသည်မှာ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းအနေဖြင့် ကန့်သတ်မှုမရှိသော တင်ဒါ သို့မဟုတ် ကန့်သတ်တင်ဒါခေါ်ယူရေးလုပ်ငန်းစဉ်များဆောင်ရွက်ရန် အချိန်လုံလောက်မှု မရှိဘဲ ကြိုတင်မမျှော်မှန်းနိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာသည့် အခြေအနေကို ဆိုသည်။

( ငင ) **မလွန်ဆန်နိုင်သော ဖြစ်ရပ်များ**ဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဘက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော် ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် စီးပွားရေးအရ တွက်ခြေကိုက်မှုရှိပြီး ထိရောက်အကျိုးရှိသော ဝယ်ယူမှုဖြစ်စေရန်၊

( ခ ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများ စံချိန်မီဖြစ်စေရန်၊

( ဂ ) အစိုးရ၏ ဝယ်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုများတွင် အရည်အချင်းနှင့် အရည်အသွေးပြည့်မီသော တင်ဒါတင်သွင်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဃ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် ယှဉ်ပြိုင်မှုများ တိုးတက်ဖြစ်ပေါ်စေရန်၊

( င ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ပေးရန်၊

( စ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးအပ်မှုအရ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း ရေးဆွဲခြင်းနှင့် ယင်းလုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြပ်ကြည့်ရှုခြင်းတို့အတွက် တာဝန်ရှိသည်။

၆။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝယ်ယူသည့် ဌာနအဖွဲ့အစည်းများအတွက် တစ်ပြေးညီ စံသတ်မှတ်ထားသော အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် တင်ဒါစာရွက်စာတမ်းများကို ရေးဆွဲပြုစုရမည်။

(ခ) ဥပဒေပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိပြီး သုံးစွဲမှုတွင် ထိရောက်အကျိုးရှိစေရေးအတွက် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ကောက်ယူစုစည်းနိုင်ရန် သတင်းအချက်အလက် အခြေခံအဆောက်အအုံ ထူထောင်ခြင်း၊ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) တင်ဒါနှင့်စပ်လျဉ်းသည့် တိုင်ကြားလာမှုများအပေါ် ဤဥပဒေအရ ဖွဲ့စည်းထားသော ခုံအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းဆိုင်ရာ ကာလလတ်နှင့် ကာလရှည်မူဝါဒများ ချမှတ်နိုင်ရေးအတွက် အကြံဉာဏ်များပေးရန် လေ့လာသုံးသပ်မှုများ၊ နှိုင်းယှဉ်လေ့လာမှုများနှင့် ခန့်မှန်းတွက်ချက်မှုများ ဆောင်ရွက်ရမည်။

(င) အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများ ရရှိစေရေး သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(စ) အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ နှစ်စဉ် အစီရင်ခံစာပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြရမည်။

(ဆ) ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းများအား အကြံဉာဏ်များပေးခြင်း၊ နည်းပညာအကူအညီများပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၄)
## ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝယ်ယူခြင်းလုပ်ငန်းများအား ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) တင်ဒါကော်မတီ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းကော်မတီတို့ကို ဖွဲ့စည်းရမည်။

(ဂ) ဝယ်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခြင်းမပြုမီ ဝယ်ယူရေးအစီအစဉ်များ ရေးဆွဲရမည်။

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များကို ဝယ်ယူသည့်ပမာဏနှင့် လျော်ညီစွာ ဆောင်ရွက်ရမည်။

(င) ဝယ်ယူခြင်းဆိုင်ရာ အစီရင်ခံစာများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းနှင့် အချိန်ကာလအတိုင်း ပြုစုပြီး ဝန်ကြီးဌာနသို့ တင်ပြရမည်။

(စ) ဝယ်ယူခြင်းဆိုင်ရာစာချုပ်များ ချုပ်ဆိုခြင်းနှင့် စာချုပ်စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရမည်။

(ဆ) တင်ဒါခေါ်ယူစဉ်က ပစ္စည်းအရည်အသွေးနှင့် တင်ဒါခေါ်ယူပြီး ပစ္စည်းအရည်အသွေးတို့ ကိုက်ညီမှုရှိစေရန်အတွက် တာဝန်ယူ၍ စီမံကြီးကြပ်ရမည်။

၈။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် တင်ဒါကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းအကြီးအမှူးက ဦးဆောင်၍ အနည်းဆုံး အဖွဲ့ဝင် ၃ ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသည့်ကိစ္စရပ်အပေါ် မူတည်၍ သက်ဆိုင်သည့် ဌာနက အဖွဲ့ဝင်များကို ထည့်သွင်းဖွဲ့စည်း နိုင်သည်။

၉။ တင်ဒါကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝယ်ယူရေးအစီအစဉ်ကို အတည်ပြုခြင်း၊

(ခ) ဝန်ကြီးဌာနက စံသတ်မှတ်ထားသော တင်ဒါစာရွက်စာတမ်းများနှင့်အညီ ပြုစုထားသည့် စာရွက်စာတမ်းများကို အတည်ပြုခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ လိုအပ်သည့် ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ အကြီးအမှူးအား အကြံဉာဏ်ပေးခြင်း။

## အခန်း (၅)

## ဝယ်ယူခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ

၁၀။ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များအားလုံးသည် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ခွင့်ပြုငွေနှင့် ဝယ်ယူရေးအစီအစဉ်တွင် ပါဝင်ရမည်။

၁၁။ ဝယ်ယူရေးအစီအစဉ်သည် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိပြီးသော နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အညီ ဖြစ်ရမည့်အပြင် ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များသည် တင်ဒါကော်မတီက အတည်ပြုထားသော ဝယ်ယူရေးအစီအစဉ်အရသာ ဆောင်ရွက်ရမည်။

၁၂။ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်ပေါ် မူတည်၍ စံချိန်စံညွှန်း သတ်မှတ်ချက်များ၊ အစီအစဉ်များ၊ တွက်ချက်မှုပုံစံများ၊ ဒီဇိုင်းများ၊ သတ်မှတ်ချက်များ၊ စမ်းသပ်မှုနှင့် စမ်းသပ်စစ်ဆေးသည့်နည်းလမ်းများ၊ ထုပ်ပိုးမှု၊ အမှတ်အသား သို့မဟုတ် တံဆိပ်ရိုက်နှိပ်မှု သို့မဟုတ် အသိအမှတ်ပြုလက်မှတ်များ၊ သင်္ကေတအမှတ်အသားများနှင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများကို ဖော်ပြရမည်။

၁၃။ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်ပေါ် မူတည်၍ ဖော်ပြချက်များတွင် စံသတ်မှတ်ချက်များကို တိကျပြည့်စုံစွာ မဖော်ပြနိုင်လျှင် "ယင်းနှင့် တူညီသော" ဟူသည့် စကားရပ်ကို ထည့်သွင်းဖော်ပြခြင်းမှအပ ကုန်အမှတ်တံဆိပ် အမည်၊ မူပိုင်ခွင့်၊ ဒီဇိုင်းပုံစံ သို့မဟုတ် အမျိုးအစား၊ တိကျသော မူလဇာစ်မြစ် သို့မဟုတ် ထုတ်လုပ်သူကို ဖော်ပြခြင်း သို့မဟုတ် ရည်ညွှန်းကိုးကားခြင်း မပြုလုပ်ရ။

၁၄။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ယင်း၏တင်ဒါစာရွက်စာတမ်းများ ပြုစုရာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် စံသတ်မှတ်ထားသော တင်ဒါစာရွက်စာတမ်းများကို အသုံးပြုရမည်။

၁၅။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ကန့်သတ်မှုမရှိသောတင်ဒါနှင့် ကန့်သတ်တင်ဒါတင်သွင်းသည့် တင်ဒါတင်သွင်းသူများအား တင်ဒါအာမခံကြေးကို ပေးသွင်းစေရမည်။ တင်ဒါအာမခံကြေးပမာဏကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် တင်ဒါစာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြရမည်။

၁၆။ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်၏ အကျိုးအကြောင်းဖော်ပြချက်နှင့် ဆက်စပ်မှုရှိသော အကဲဖြတ်မှု စံနှုန်းသတ်မှတ်ချက်များတွင် အောက်ပါတို့ ပါဝင်ရမည် -

(က) ဈေးနှုန်း၊

(ခ) ပစ္စည်းများ သို့မဟုတ် တည်ဆောက်ခြင်းလုပ်ငန်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ ပြင်ဆင်ထိန်းသိမ်းမှု ကုန်ကျစရိတ်၊ ပစ္စည်းများ ပေးသွင်းရန်အချိန်၊ တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးရန် သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှု လုပ်ငန်းများ ပြီးစီးရန်အချိန်၊ ငွေပေးချေမှုနှင့် အာမခံပေးသွင်းမှုဆိုင်ရာ သတ်မှတ်ချက်များ၊

(ဂ) ကန်ထရိုက်တာနှင့် ဝန်ထမ်းများ၏ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ အတတ်ပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်၊

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်တစ်ရပ်ရပ်အရဖြစ်စေ ထည့်သွင်းစဉ်းစားရန် သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်တစ်ရပ်ရပ်။

၁၇။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ပြည်တွင်းတွင် ထုတ်လုပ်သော ပစ္စည်းများ၊ ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများ သို့မဟုတ် တည်ဆောက်ခြင်းလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန် အလို့ငှာ ပြည်တွင်းမှ တင်ဒါတင်သွင်းသူများအား ဦးစားပေး ရွေးချယ်သည့် အခွင့်အလမ်းများ ရရှိစေခြင်း၊

(ခ) ပြည်တွင်းအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန် ကန့်သတ်တင်ဒါဖြင့် ဝယ်ယူနိုင်ရေးအတွက် ဝယ်ယူခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သီးခြား သတ်မှတ်ခြင်း၊

၁၈။ တင်ဒါစာရွက်စာတမ်းများ၊ စာချုပ်များ၊ သဘောတူညီချက်များနှင့် စာချုပ်ပါ စည်းကမ်းချက်များကို ပြည်တွင်းယှဉ်ပြိုင်တင်ဒါများအတွက် မြန်မာဘာသာဖြင့်လည်းကောင်း၊ နိုင်ငံတကာယှဉ်ပြိုင်တင်ဒါများအတွက် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးဖြင့်လည်းကောင်း ရေးသားဖော်ပြရမည်။

၁၉။ ဝယ်ယူရေးလုပ်ငန်းစဉ်တွင် အသုံးပြုခဲ့သည့် စာရွက်စာတမ်း၊ အမိန့်ကြော်ငြာစာ၊ ဆုံးဖြတ်ချက် သို့မဟုတ် အခြား သတင်းအချက်အလက်များအားလုံးကို အကိုးအကားအဖြစ် အသုံးပြုနိုင်ရန် အနည်းဆုံး (၇) နှစ် မှတ်တမ်းထားရှိရမည်။

၂၀။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဝယ်ယူရေးအစီအစဉ်ပါ ဝယ်ယူရေးကြော်ငြာများ၊ စာချုပ်ချုပ်ဆိုခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် သီးခြားသတ်မှတ်ထားသော ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များအား ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အများပြည်သူသို့ ထုတ်ပြန်ကြေညာရမည်။ ထုတ်ပြန်သည့် ဝယ်ယူရေးကြော်ငြာတွင် တင်ဒါတင်သွင်းသူများအား ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ တင်ဒါပြင်ဆင်ရန်နှင့် တင်ဒါတင်သွင်းရန် အချိန်လုံလောက်စွာ ခွင့်ပြုပေးရမည်။

၂၁။ တင်ဒါတင်သွင်းသူများသည် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည် -

(က) စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အတတ်ပညာ၊ နည်းပညာဆိုင်ရာ အရည်အချင်းနှင့် ကျွမ်းကျင်မှု၊ ဘဏ္ဍာရေးအရင်းအမြစ်များ၊ စက်ကိရိယာများနှင့် အခြားပစ္စည်းများ၊ စီမံခန့်ခွဲမှုစွမ်းရည်၊ အတွေ့အကြုံနှင့် လုံလောက်သည့် ဝန်ထမ်းအင်အား ရှိရမည်။

(ခ) စာချုပ် ချုပ်ဆိုရန် ဥပဒေကြောင်းအရ သတ်မှတ်အရည်အချင်း ပြည့်မီရမည်။

(ဂ) နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခွန်အခများ အပြေအကျေထမ်းဆောင်ပြီးသူ ဖြစ်ရမည်။

(ဃ) ပြည်တွင်းတင်ဒါတင်သွင်းသူဖြစ်ပါက မြန်မာနိုင်ငံတွင် သက်ဆိုင်ရာလုပ်ငန်းအတွက် တရားဝင်မှတ်ပုံတင်ထားပြီး ဖြစ်ရမည်။

(င) လူမွဲစာရင်းခံယူရခြင်း၊ ဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းပိတ်သိမ်းခြင်း၊ စီးပွားရေးလုပ်ငန်းများကို ပိတ်ပင်တားမြစ်ခံရခြင်းနှင့် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း၊ အရေးယူခံရခြင်းတို့ မရှိသူ ဖြစ်ရမည်။

(စ) ပြည်တွင်း ပြည်ပနိုင်ငံတစ်ခုခု၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားဝင်မှတ်ပုံတင်ထားသော ကုမ္ပဏီ ဖြစ်ရမည်။

## အခန်း (၆)

## ဝယ်ယူခြင်းတင်ဒါဖိတ်ခေါ်သည့်နည်းလမ်းများနှင့် အသုံးပြုနိုင်သည့် အခြေအနေများ

၂၂။ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းနှင့် တန်ဖိုးသတ်မှတ်ချက်များနှင့်အညီ အောက်ပါ တင်ဒါနည်းလမ်းများကို အသုံးပြုရမည် -

(က) ကန့်သတ်မှုမရှိသောတင်ဒါ၊

(ခ) ဈေးနှုန်းအဆိုပြုလွှာ တောင်းခံခြင်း၊

(ဂ) ကန့်သတ်တင်ဒါ၊

(ဃ) နှစ်ဆင့်တင်ဒါ၊

(င) တိုက်ရိုက်ဝယ်ယူခြင်း၊

(စ) အဆိုပြုလွှာတောင်းခံခြင်း၊

(ဆ) အီလက်ထရောနစ်နည်းဖြင့် ဝယ်ယူခြင်း။

၂၃။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဤအခန်းတွင် ပြဋ္ဌာန်းထားသည့် ခြွင်းချက်များမှအပ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မှုမရှိသောတင်ဒါဖြင့် ဝယ်ယူရေး ဆောင်ရွက်ရမည်။

၂၄။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ကန့်သတ်မှုမရှိသောတင်ဒါအား အသုံးမပြုဘဲ အခြားသော တင်ဒါနည်းလမ်းတစ်ခုအား အသုံးပြုမည်ဆိုပါက ယင်းနည်းလမ်းအား အသုံးပြုရသည့် အကြောင်းရင်းအား ဖော်ပြ၍ မှတ်တမ်းတင်ရမည်။

၂၅။ ရိုးရှင်းသော တည်ဆောက်ခြင်း၊ ဈေးကွက်တွင် အသင့်ရရှိနိုင်သည့် ပစ္စည်းများ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းများဆောင်ရွက်ရာတွင် ဝယ်ယူရေးခန့်မှန်းတန်ဖိုးသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသော တန်ဖိုးသတ်မှတ်ချက်အောက် လျော့နည်းနေလျှင် ဈေးနှုန်းအဆိုပြုလွှာများ တောင်းခံခြင်းအား အသုံးပြုနိုင်သည်။

၂၆။ ကန့်သတ်တင်ဒါစနစ်အား အောက်ဖော်ပြပါ အခြေအနေများတွင် အသုံးပြုရမည် -

(က) တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် အရည်အသွေး ပြည့်မီသော တင်ဒါများ ခေါ်ယူ၍ မရရှိနိုင်ခြင်းနှင့် တင်ဒါတင်သွင်းသူ အရေအတွက်မှာ အကန့်အသတ်ရှိခြင်း၊

(ခ) အရေအတွက်များပြားသော တင်ဒါများအား စိစစ်အကဲဖြတ်ရာတွင် ကြာမြင့်မည့်အချိန်နှင့် ကုန်ကျစရိတ်သည် ဝယ်ယူခြင်း၏ တန်ဖိုးနှင့် နှိုင်းယှဉ်လျှင် အချိုးအစား မမျှတခြင်း။

၂၇။ နှစ်ဆင့်တင်ဒါစနစ်အား အောက်ဖော်ပြပါကိစ္စရပ်များတွင် အသုံးပြုနိုင်သည် -

(က) အစိုးရ၏ဝယ်ယူရေးလုပ်ငန်းစဉ်စတင်ချိန်တွင် ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်၏ နည်းပညာဆိုင်ရာ သို့မဟုတ် စာချုပ်ဆိုင်ရာ သီးခြားလိုအပ်ချက်များအား ကြိုတင်သတ်မှတ်ရန် မဖြစ်နိုင်ခြင်း၊

(ခ) ဝယ်ယူမည့် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ ခက်ခဲရှုပ်ထွေးသော သဘောသဘာဝကြောင့် ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် တင်ဒါတင်သွင်းသူနှင့် ဝယ်ယူသည့် ကိစ္စရပ်ပါ အချက်အလက်များကို အသေးစိတ်တွက်ချက် ဖော်ပြရန်နှင့် ပြန်လည်ပြင်ဆင်ရန်အတွက် ဆွေးနွေးညှိနှိုင်းရန် လိုအပ်ခြင်း။

၂၈။ တင်ဒါတင်သွင်းသူတစ်ဦးတည်းထံမှ အဆိုပြုလွှာ သို့မဟုတ် ဈေးနှုန်းအဆိုပြုလွှာ တောင်းခံ၍ တိုက်ရိုက်ဝယ်ယူခြင်းအား အောက်ဖော်ပြပါ အခြေအနေများတွင် အသုံးပြုရမည် -

(က) အစိုးရ၏ဝယ်ယူခြင်းလုပ်ငန်းအတွက် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်မှာ တင်ဒါတင်သွင်းသူ တစ်ဦးတည်းထံတွင်သာရှိခြင်း၊

(ခ) အစိုးရ၏ဝယ်ယူခြင်းအတွက် မူပိုင်ခွင့်သည် တင်ဒါတင်သွင်းသူတစ်ဦးတည်းထံတွင်သာရှိခြင်း၊

(ဂ) အစိုးရ၏ဝယ်ယူခြင်းအား အရေးပေါ် အခြေအနေတစ်ရပ်ရပ်ကြောင့် ဝယ်ယူရန်လိုအပ်ခြင်း၊

(ဃ) ပေးသွင်းသူတစ်ဦးထံမှ အစိုးရ၏ ဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးနောက် ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် အစိုးရ၏ဝယ်ယူခြင်းကို နောက်ထပ်လိုအပ်ချက်ကြောင့်ဖြစ်စေ၊ ဌာနအဖွဲ့အစည်း၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသည့် အသုံးပြုဆဲ ပစ္စည်းကိရိယာ၊ နည်းပညာ သို့မဟုတ် ဝန်ဆောင်မှုနှင့် လိုက်ဖက်ညီမှုရှိရန် လိုအပ်မှုကြောင့်ဖြစ်စေ၊ အခြားသော ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အစားထိုးရန် မသင့်လျော်သည့်အတွက်ဖြစ်စေ နောက်ထပ်ဝယ်ယူမှုကို မူလပေးသွင်းသူထံမှသာ ဝယ်ယူရန် လိုအပ်ပါက နောက်ထပ်ဝယ်ယူမည့် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ တန်ဖိုးသည် မူလဝယ်ယူခြင်း၏ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းထက်မပိုခြင်း၊

(င) စာချုပ်၏ ကနဦးစည်းကမ်းချက်များကြီးမားစွာ ပြောင်းလဲခြင်းမရှိဘဲ ကန့်သတ်မှုမရှိသောတင်ဒါ သို့မဟုတ် ကန့်သတ်တင်ဒါ နည်းလမ်းများဖြင့် တင်ဒါခေါ်ယူသော်လည်း တင်ဒါတင်သွင်းသူ မရှိခြင်း။

၂၉။ အကြံပေးဝန်ဆောင်မှုများရယူခြင်း သို့မဟုတ် အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သောစီမံကိန်းများအတွက် အဆိုပြုလွှာတောင်းခံခြင်းနည်းလမ်းကို အသုံးပြုရမည်။

၃၀။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ အီလက်ထရောနစ်နည်းဖြင့် ဝယ်ယူခြင်း ပြုလုပ်နိုင်သည်။

၃၁။ အထက်ဖော်ပြပါ နည်းလမ်းများအတွက် တင်ဒါခေါ်ယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းရမည်။

## အခန်း (၇)
## ပြည်ပမှ ဝယ်ယူခြင်း

၃၂။ ပြည်ပမှ ဝယ်ယူခြင်းအတွက် ပုဒ်မ ၂၂ ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်နိုင်သည်။

၃၃။ ပြည်ပမှ ဝယ်ယူခြင်းအား အောက်ဖော်ပြပါ အခြေအနေများတွင် အသုံးပြုနိုင်သည် -

(က) အစိုးရ၏ဝယ်ယူခြင်းသည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေတွင် ဖော်ပြထားသည့် သတ်မှတ်ချက်များအတိုင်း ပြည်တွင်းဈေးကွက်တွင် မရရှိနိုင်ခြင်း၊

(ခ) ပြည်တွင်းတင်ဒါလုပ်ထုံးလုပ်နည်းအရ တင်ဒါတင်သွင်းသူအား သတ်မှတ်ထားမှုမရှိခြင်း။

## အခန်း (၈)
## စာချုပ်စီမံခန့်ခွဲခြင်း

၃၄။ စာချုပ်သည် ဝယ်ယူသည့် ဌာနအဖွဲ့အစည်းနှင့် တင်ဒါအောင်မြင်သူ နှစ်ဦးနှစ်ဖက် သဘောတူ လက်မှတ်ရေးထိုးသည့် နေ့ရက်တွင် စတင်အကျိုးသက်ရောက်ရမည်။

၃၅။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းအာမခံကို ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ပမာဏအတိုင်း စာချုပ်လက်မှတ်မရေးထိုးမီ ပေးသွင်းရမည်။

၃၆။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဝယ်ယူရေးစာချုပ် အကျိုးသက်ရောက်သည့်မှစတင်၍ စာချုပ် အကောင်အထည်ဖော်မှု ပြီးဆုံးသည်အထိ စာချုပ်ကို စီမံခန့်ခွဲရန် တာဝန်ရှိသည့်အပြင် စာချုပ်စီမံခန့်ခွဲမှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများပြုစု၍ စာချုပ်အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် ပစ္စည်းနှင့် ဝန်ထမ်းများ ဖြည့်ဆည်းပေးရမည်။

၃၇။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းနှင့် ကန်ထရိုက်တာ သို့မဟုတ် အကြံပေးတို့သည် စာချုပ်ပါလုပ်ငန်း၏ သဘောသဘာဝနှင့် ခက်ခဲရှုပ်ထွေးမှုတို့အပေါ် မူတည်၍ စာချုပ်ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မှု အောင်မြင်စေရန် လိုအပ်ပါက စာချုပ်စီမံခန့်ခွဲသူတစ်ဦး သီးခြား ခန့်ထားနိုင်သည်။

၃၈။ စာချုပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်း သို့မဟုတ် တရားရုံးသို့လျှောက်ထားခြင်း နည်းလမ်းများဖြင့် ဖြေရှင်းနိုင်သည်။

## အခန်း (၉)
## ထုခွဲခြင်း

၃၉။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဌာနလက်ဝယ်ရှိပစ္စည်းများ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများအား ထုခွဲခြင်းအလို့ငှာ ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းကော်မတီကို ဖွဲ့စည်းရမည်။

၄၀။ ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ထုခွဲရန် အဆိုပြုတင်ပြလာသည့် ကိစ္စရပ်များအား စိစစ်အတည်ပြုခြင်းနှင့် လက်ခံခြင်း၊

(ခ) ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုခွဲခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်း၊

(ဂ) ထုခွဲခြင်းများအတွက် တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဌာနအဖွဲ့အစည်း အကြီးအမှူးအား အကြံပေးခြင်း။

၄၁။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဌာနလက်ဝယ်ရှိပစ္စည်းများ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများကို ထုခွဲရာတွင် အောက်ဖော်ပြပါ နည်းလမ်းများအနက် နည်းလမ်း တစ်ရပ်ရပ်ဖြင့်လည်းကောင်း၊ နည်းလမ်းများကို ပေါင်းစပ်၍သော်လည်းကောင်း အသုံးပြုနိုင်သည် -

(က) ရောင်းချခြင်း၊

(ခ) အခြားဌာနအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း၊

(ဂ) ဖျက်ဆီးခြင်း သို့မဟုတ် စာရင်းမှ ပယ်ဖျက်ခြင်း၊

(ဃ) အလဲအလှယ်ပြုလုပ်ခြင်း၊

(င) အခြားပုံစံသို့ ပြောင်းလဲခြင်း။

၄၂။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဌာနလက်ဝယ်ရှိပစ္စည်းများ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများအား ရောင်းချရာတွင် လေလံခေါ်ယူခြင်း သို့မဟုတ် တိုက်ရိုက်ရောင်းချခြင်း ပြုလုပ်နိုင်သည်။ လေလံခေါ်ယူခြင်း သို့မဟုတ် တိုက်ရိုက်ရောင်းချခြင်းမပြုမီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းကော်မတီအနေဖြင့် ထုခွဲမည့် ပစ္စည်းများ၏ ကြမ်းခင်းဈေးကို တွက်ချက်ရမည်။

## အခန်း (၁၀)
## နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်းနှင့် ငှားရမ်းခြင်း

၄၃။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဌာနလက်ဝယ်ရှိပစ္စည်းများ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများမှ လွဲ၍ နိုင်ငံပိုင်ပစ္စည်းများကို တည်ဆဲဥပဒေများ၊ နည်းဥပဒေများ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုလုပ်နိုင်သည်။

၄၄။ သီးခြားဥပဒေများ၊ နည်းဥပဒေများ သို့မဟုတ် ညွှန်ကြားချက်များ မရှိပါက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် နိုင်ငံပိုင်ပစ္စည်းများအား အောက်ပါနည်းလမ်းများအတိုင်း ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုလုပ်နိုင်သည် -

(က) လေလံခေါ်ယူခြင်း၊

(ခ) ဈေးနှုန်းကမ်းလှမ်းခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံခန့်ခွဲမှု နည်းလမ်းနှင့်အညီ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၄၅။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် နိုင်ငံပိုင်ပစ္စည်းများအား လေလံခေါ်ယူခြင်း သို့မဟုတ် ဈေးနှုန်း ကမ်းလှမ်းခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံး လုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းဆိုင်ရာ ကော်မတီအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများ၏ ကြမ်းခင်းဈေးကို တွက်ချက်ရမည်။

## အခန်း (၁၁)

## တင်ဒါလုပ်ငန်းစဉ်ကို ဖျက်သိမ်းခြင်း

၄၆။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် တင်ဒါတင်သွင်းသူများထံ ပေးရန်တာဝန်မရှိစေဘဲ တင်ဒါအောင်မြင်သူအား ကြေညာခြင်းမပြုမီ မည်သည့် အချိန်တွင်မဆို တင်ဒါလုပ်ငန်းစဉ်ကို ဖျက်သိမ်းနိုင်သည်။

၄၇။ တင်ဒါလုပ်ငန်းစဉ်ကို အောက်ပါအခြေအနေများတွင် ဖျက်သိမ်းနိုင်သည် -

(က) ဝယ်ယူရေးလိုအပ်ချက် မရှိတော့ခြင်း၊

(ခ) ဝယ်ယူခြင်းဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေမရှိခြင်း၊

(ဂ) ပြည့်စုံမှုမရှိသော သို့မဟုတ် ကိုက်ညီမှုမရှိသော တင်ဒါများအား လက်ခံရရှိခြင်း၊

(ဃ) တင်ဒါတင်သွင်းသူများကြား ပူးပေါင်း၍ အချင်းချင်းညှိနှိုင်းဆောင်ရွက်ထားသော သက်သေခံအထောက်အထားတွေ့ရှိရခြင်း၊

(င) အများပြည်သူတို့၏ အကျိုးစီးပွားအပေါ် သက်ရောက်မှုရှိခြင်း။

၄၈။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းသည် တင်ဒါမဖွင့်ဖောက်မီ အစိုးရ၏ဝယ်ယူရေးလုပ်ငန်းစဉ်ကို ဖျက်သိမ်းရန် ဆုံးဖြတ်ပြီးပါက တင်ဒါများ သို့မဟုတ် အဆိုပြုလွှာများကို ဖွင့်ဖောက်ခြင်းမပြုရ။ ယင်းတင်ဒါများကို တင်ဒါတင်သွင်းသူများထံ ပြန်လည်ပေးပို့ရမည်။

၄၉။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ဝယ်ယူရေးလုပ်ငန်းစဉ် ဖျက်သိမ်းရန် ဆုံးဖြတ်ရသည့် အကြောင်းရင်းများကို ဝယ်ယူရေးလုပ်ငန်းစဉ်မှတ်တမ်းတွင် ထည့်သွင်းဖော်ပြ၍ တင်ဒါတင်သွင်းသူများထံ ချက်ချင်းအကြောင်းကြားရမည်။

## အခန်း (၁၂)

## နိုင်ငံရေးရာထူး လက်ရှိဖြစ်သူများနှင့် နိုင်ငံ့ဝန်ထမ်းများစောင့်ထိန်းရမည့် ကျင့်ဝတ်များ

၅၀။ ဝယ်ယူခြင်းနှင့် ထုခွဲခြင်းလုပ်ငန်းစဉ်များကို စီစဉ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ဦးစီးဆောင်ရွက်ခြင်းနှင့် ဝယ်ယူခြင်းနှင့် ထုခွဲခြင်း စာချုပ်များကို အကောင်အထည်ဖော်ခြင်းတို့ဆောင်ရွက်ရာတွင် ပါဝင်သော နိုင်ငံရေးရာထူးလက်ရှိဖြစ်သူများနှင့် နိုင်ငံ့ဝန်ထမ်းများသည် အောက်ပါအချက်များကို လိုက်နာရမည် -

(က) တင်ဒါတင်သွင်းသူများမှ ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ တရားမျှတပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ဝယ်ယူရေးဝန်ထမ်းများအား သီးခြားတာဝန်ပေးအပ်ရမည်၊

(ခ) ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ရည်ရွယ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူ၏ အကျိုးစီးပွားအတွက် အစဉ်အမြဲ ဆောင်ရွက်ရမည်၊

(ဂ) တာဝန်ဝတ္တရားများကို ထမ်းဆောင်နေစဉ်တွင် အကျိုးစီးပွားပဋိပက္ခဖြစ်စေခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ရမည်၊

(ဃ) တင်ဒါတင်သွင်းသူများ၏ ပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သောအချက်အလက်များအပါအဝင် ဝယ်ယူခြင်းနှင့် ထုခွဲခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များအားလုံးကို လျှို့ဝှက်ထားရမည်၊

(င) ယှဉ်ပြိုင်ရသည့် ဝယ်ယူခြင်းလုပ်ငန်းစဉ်များအား ရှောင်ရှားလိုသော ရည်ရွယ်ချက်ဖြင့် ဝယ်ယူခြင်းလိုအပ်ချက်များကို သေးငယ်သော အစိတ်အပိုင်းများအဖြစ် ခွဲခြမ်း၍ ဝယ်ယူခြင်း မပြုလုပ်ရ၊

(စ) ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ တင်ဒါဖွင့်လှစ်ခြင်း၊ တင်ဒါအား အကဲဖြတ်စိစစ်ခြင်းနှင့် တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုနိုင်ခြင်းတို့အား ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်၍ ကြန့်ကြာမှုမရှိစေရ။

၅၁။ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သည့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ အရေးယူရမည်။

## အခန်း (၁၃)

## ခုံအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ တိုင်ကြားမှုများအပေါ် ကြားနာစစ်ဆေးဆုံးဖြတ်နိုင်ရန် အနည်းဆုံး ဝန်ကြီးဌာန (၃) ခုမှ ကိုယ်စားလှယ်များပါဝင်သော ခုံအဖွဲ့ကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းရမည်။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် တိုင်ကြားမှု ဖြေရှင်းခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား သတ်မှတ်ပြဋ္ဌာန်းရမည်။

၅၃။ ခုံအဖွဲ့ ဖွဲ့စည်းရာတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ဝယ်ယူခြင်းနှင့် ထုခွဲခြင်း ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တွင် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ကိုယ်စား ဝယ်ယူခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ဖူးသူ သို့မဟုတ် တင်ဒါတင်သွင်းခြင်းနှင့် ဆက်စပ်မှုရှိခဲ့သူများ မဖြစ်စေဘဲ ဝယ်ယူခြင်းနှင့် ဝယ်ယူရေးလုပ်ထုံးလုပ်နည်း ဆိုင်ရာ နယ်ပယ်အသီးသီးတွင် အတွေ့အကြုံရင့်ကျက်၍ အများလက်ခံ ယုံကြည်မှုရှိသည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

၅၄။ ခုံအဖွဲ့သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဝယ်ယူခြင်းဆိုင်ရာ တိုင်ကြားမှုများနှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးဌာနက စိစစ်သုံးသပ်နိုင်ရေးအတွက် တိုင်ကြားသူမှ တင်ပြသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို ပြုစုခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အခြားသောတာဝန်များကို ဆောင်ရွက်ခြင်း။

၅၅။ တင်ဒါတင်သွင်းသူသည် ဝယ်ယူသည့် ဌာနအဖွဲ့အစည်းမှ တင်ဒါများအားလုံးကို ငြင်းပယ်ခြင်း သို့မဟုတ် အစိုးရ၏ဝယ်ယူရေးလုပ်ငန်းစဉ်ကို ဖျက်သိမ်းခြင်း ဆုံးဖြတ်ချက်များမှအပ ဝယ်ယူသည့် ဌာန အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်ပျက်ကွက်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခဲ့လျှင် သို့မဟုတ် ဖြစ်ပေါ်နိုင်လျှင် ဤဥပဒေအရ ခုံအဖွဲ့မှ စိစစ်သုံးသပ်ဆုံးဖြတ်ပေးရန် တောင်းဆိုနိုင်သည်။

၅၆။ တိုင်ကြားမှုကို စိစစ်သုံးသပ်ပေးရန် ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသို့ စာဖြင့် လျှောက်ထားရမည်။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းက ဆုံးဖြတ်ရန်ပျက်ကွက်ပါက သို့မဟုတ် ၎င်း၏ဆုံးဖြတ်ချက်အား မကျေနပ် ပါက တင်ဒါတင်သွင်းသူသည် ခုံအဖွဲ့သို့ တိုင်ကြားနိုင်သည်။

၅၇။ ခုံအဖွဲ့သည် တိုင်ကြားမှုကိစ္စရပ်၏ ခက်ခဲရှုပ်ထွေးမှုအပေါ် မူတည်၍ တိုင်ကြားမှုဖြေရှင်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မည့်အချိန်ကို သတ်မှတ်ရမည်။ ထိုအချိန်သည် တိုင်ကြားစာ လက်ခံရရှိပြီးနောက် တိုင်ကြားသူထံမှ ပြည့်စုံစွာ ကြားနာပြီးသည့်အချိန်မှစ၍ ရက်သတ္တ ၄ ပတ်ထက်မပိုစေရ။

၅၈။ တိုင်ကြားမှုကို ပယ်ချခြင်းမပြုပါက ခုံအဖွဲ့မှ အောက်ဖော်ပြပါ နည်းလမ်း တစ်ရပ်ရပ်ကို ချမှတ် ကျင့်သုံးနိုင်သည် -

(က) ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ဥပဒေနှင့်မလျော်ညီစွာ ဆုံးဖြတ်ခြင်း သို့မဟုတ် ပြုမူခြင်း သို့မဟုတ် ဥပဒေနှင့်မလျော်ညီသော လုပ်ထုံးလုပ်နည်းအား ကျင့်သုံးခြင်းတို့ကို တားမြစ်ခြင်း၊

(ခ) ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ဝယ်ယူခြင်းဆိုင်ရာစာချုပ်ကို အသက်ဝင်မှုရှိရန် ဆုံးဖြတ်ချက်မှ အပ ဥပဒေနှင့် မလျော်ညီသော ဆုံးဖြတ်ချက် သို့မဟုတ် အပြုအမူတစ်ခုလုံး သို့မဟုတ် တစ်စိတ် တစ်ပိုင်းကို ပယ်ဖျက်ခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် အခြားသော အရေးယူမှု နည်းလမ်းများ။

၅၉။ ခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၄)

## တားမြစ်ချက်နှင့် စီမံခန့်ခွဲရေးပြစ်ဒဏ်များ

၆၀။ တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါ ကိစ္စရပ်များတွင် ကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် အားပေးကူညီခြင်း မပြုရ -

(က) လာဘ်ပေးလာဘ်ယူမှုပြုလုပ်ရန်အတွက် ကမ်းလှမ်းခြင်း၊

(ခ) ဝယ်ယူမှုလုပ်ငန်းစဉ် သို့မဟုတ် စာချုပ်အကောင်အထည်ဖော်မှုကို လွှမ်းမိုးစေရန်ရည်ရွယ်၍ အချက်အလက်များ မမှန်မကန်လိမ်လည်ဖော်ပြခြင်းကဲ့သို့ လိမ်လည်မှု၊

(ဂ) ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ လွတ်လပ်၍ ပွင့်လင်းမြင်သာသော ယှဉ်ပြိုင်မှုကို သွေဖည်စေရန် ဈေးပြိုင်ရာတွင် မဖြစ်နိုင်သော၊ သဘာဝမကျသော တင်ဒါဈေးနှုန်းသတ်မှတ်၍ တင်ဒါတင်သွင်းသူများအချင်းချင်း တင်ဒါမတင်သွင်းမီ သို့မဟုတ် တင်ဒါတင်သွင်းပြီးနောက် ပူးပေါင်းဆောင်ရွက်မှု။

၆၁။ တင်ဒါတင်သွင်းသူသည် အောက်ပါကိစ္စရပ်များအား ဖောက်ဖျက်ခြင်း သို့မဟုတ် ကျူးလွန်ခြင်း မပြုရ -

(က) တင်ဒါစာရွက်စာတမ်းပါ စည်းကမ်းချက်များအရ တင်ဒါအောင်မြင်သူက စာချုပ်တွင် လက်မှတ်ရေးထိုးရန် ငြင်းဆန်ခြင်း သို့မဟုတ် လုပ်ငန်းအာမခံကြေးအား ပြင်ဆင်ခြင်း၊

(ခ) ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ချက်အား လွှမ်းမိုးစေရန် ရည်ရွယ်ချက်ဖြင့် တင်ဒါတွင် အချက်အလက်များ မှားယွင်းဖော်ပြခြင်း၊

(ဂ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ သို့မဟုတ် ယှဉ်ပြိုင်မှုဥပဒေ သို့မဟုတ် ငွေကြေးဆိုင်ရာ ပြစ်မှုဥပဒေ တစ်ရပ်ရပ်အရ တရားစွဲဆိုခံရခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဃ) တင်ဒါလုပ်ငန်းစဉ်တွင် တစ်ဆင့်ခံ လုပ်ကိုင်သည့်ကန်ထရိုက်တာအနေဖြင့် ပါဝင်ခြင်း မဟုတ်ဘဲ တင်ဒါတစ်ခုထက်ပို၍ တင်သွင်းခြင်း၊

(င) ကန့်သတ်မှုမရှိသောတင်ဒါ ပါဝင်ယှဉ်ပြိုင်ရာတွင် အခြားတစ်ဦးတစ်ယောက်၏အမည်ကို အသုံးပြုခြင်း သို့မဟုတ် ၎င်း၏ အမည်ကို အခြားတစ်ယောက်မှ အသုံးပြုရန် ခွင့်ပြုခြင်း။

၆၂။ တင်ဒါတင်သွင်းသူသည် ပုဒ်မ ၆၀ နှင့် ပုဒ်မ ၆၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက တင်ဒါကော်မတီမှ အောက်ပါအတိုင်း အရေးယူခြင်းခံရမည် -

(က) ဝယ်ယူရေးလုပ်ငန်းစဉ်မှ ထုတ်ပယ်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အချိန်ကာလတစ်ခုအထိ အစိုးရ၏တင်ဒါလုပ်ငန်းစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ခွင့် မပြုခြင်း။

၆၃။ မည်သူမဆို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ သို့မဟုတ် ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အား ဖောက်ဖျက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခံရမည်။

## အခန်း (၁၅)

## အထွေထွေ

၆၄။ အောက်ဖော်ပြပါ ကိစ္စရပ်များသည် ဤဥပဒေနှင့် အကျုံးဝင်ခြင်း မရှိစေရ -

(က) နိုင်ငံတော်၏ ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက် လျှို့ဝှက်ဆောင်ရွက်ရန် လိုအပ်သော အစိုးရ၏ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များ၊

(ခ) ပညာသင်ဆုများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ သို့မဟုတ် အလားတူ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်မှုများ၊

(ဂ) ပြည်သူ့ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ယာယီကန်ထရိုက်လုပ်သားများ ငှားရမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဃ) မြေနှင့် လက်ရှိအဆောက်အအုံများ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သီးခြားလုပ်ထုံးလုပ်နည်းများအား လိုက်နာကျင့်သုံးရမည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ။

၆၅။ မည်သူမဆို စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းခံရစေကာမူ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုအရေးယူမှုမှ ပိတ်ပင်ခြင်း မရှိစေရ။

၆၆။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသော အခြေအနေများအရ ယင်းတို့၏ လိုအပ်ချက်အပေါ် မူတည်၍ အစိုးရစက်ရုံများနှင့် အစိုးရဝန်ဆောင်မှုလုပ်ငန်းများမှ တိုက်ရိုက် ဝယ်ယူနိုင်သည်။

၆၇။ အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုခံယူရမည်။

၆၈။ ဝယ်ယူခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရာတွင် မလွန်ဆန်နိုင်သော ဖြစ်ရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် တင်ဒါအောင်မြင်သူ၏ သဘောတူညီချက်ဖြင့် စာချုပ်အား ပြင်ဆင်နိုင်သည်။

၆၉။ အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ဤဥပဒေနှင့် အခြားသော ဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့် သို့မဟုတ် အမိန့်ကြော်ငြာစာများအကြား ဆန့်ကျင်ကွဲလွဲချက်ရှိပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ လိုက်နာဆောင်ရွက်ရမည်။

၇၀။ ဤဥပဒေ စတင်အာဏာမတည်မီ ဆောင်ရွက်ခဲ့သည့် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်း လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်တို့တွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ဆောင်ရွက်ရမည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၉၂၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

## ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ အရ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၂) ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အဆိုပါ ပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁) အရ ဆောင်ရွက်သည့် အမှုများတွင် လိုက်နာကျင့်သုံးနိုင်ရန် ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ အရ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လျှောက်ထားလွှာ**ဆိုသည်မှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) မှ (င) အရ အမိန့်ချမှတ်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ တင်သွင်းသည့် ရာဇဝတ်အထွေထွေလျှောက်လွှာကို ဆိုသည်။

(ခ) **လျှောက်ထားသူ**ဆိုသည်မှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) မှ (င) အရ အမိန့်ချမှတ်ပေးရန် ရာဇဝတ်အထွေထွေလျှောက်ထားလွှာ တင်သွင်းလျှောက်ထားသူ သို့မဟုတ် လျှောက်ထားသူများကို ဆိုသည်။

(ဂ) **လျှောက်ထားခံရသူ**ဆိုသည်မှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) မှ (င) အရ အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုများတွင် တစ်ဦးတစ်ယောက်အား မတရားချုပ်နှောင်ထားကြောင်း ပေါ်ပေါက်စေသည့် အမိန့်၊ ပြုလုပ်ချက်၊ ဆောင်ရွက်ချက်နှင့်ပတ်သက်သူကို ဆိုသည်။

(ဃ) **ခုံရုံး**ဆိုသည်မှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) မှ (င) အရ အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုများကို ကြားနာရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သဘာပတိအဖြစ် ဆောင်ရွက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ပါဝင်ဖွဲ့စည်းသော ခုံရုံးကို ဆိုသည်။

## အခန်း (၂)
## အမှုစတင်ဆောင်ရွက်ခြင်း

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ အရ အမိန့်ချမှတ်ရန် လျှောက်ထားသည့် ရာဇဝတ်အထွေထွေလျှောက်လွှာများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ တရားစီရင်ရေးဌာနက လက်ခံဆောင်ရွက်ရမည်။

၄။ ပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) (ခ) (ဂ) သို့မဟုတ် (င) အရ လျှောက်ထားသည့် ရာဇဝတ်အထွေထွေလျှောက်လွှာတိုင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားစီရင်ရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးထံသို့ လျှောက်ထားလွှာတစ်စောင် ရေးသားလျက် လျှောက်ထားတောင်းဆိုသည့်အမိန့် ရရှိနိုင်ရေးအတွက် ဖော်ပြသည့် အကြောင်းခြင်းရာများကို ကျမ်းကျိန်လွှာဖြင့် မှန်ကန်ကြောင်း အတည်ပြုပြီး တင်သွင်းရမည်။

၅။ လျှောက်ထားလွှာအား အပိုဒ်ခွဲများဖြင့် ဖော်ပြလျက် စဉ်ဆက်မပြတ် နံပါတ်တပ်ပြီးလျှင် လျှောက်ထားသူက လက်မှတ်ရေးထိုးရမည်။

## အခန်း (၃)
## ရာဇဝတ်အထွေထွေလျှောက်လွှာများကို စိစစ်လက်ခံခြင်း

၆။ လျှောက်ထားလွှာ၌ လျှောက်ထားသည့် တရားလွှတ်တော်၏ အမည်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် စသည်ဖြင့် ခေါင်းစဉ်ရေးသားဖော်ပြ တင်သွင်းရမည်ဖြစ်ပြီး လျှောက်ထားသူလက်ရှိ

ကျခံနေရသည့် အကျဉ်းထောင် သို့မဟုတ် အချုပ်စခန်း၊ အကျဉ်းသား သို့မဟုတ် အချုပ်သားအမည်၊ အဘအမည် စသည့် အကြောင်းအရာတို့ကို ရေးသားဖော်ပြရမည်။

၇။ တရားရုံးရှေ့သို့ တင်ပို့စေရန်အတွက် လျှောက်ထားသည့် လျှောက်လွှာတွင် ၎င်းအားချုပ်ထားသည့် အမိန့်မိတ္တူမှန်ကို ၎င်းအားချုပ်ထားသည့် အချုပ်တာဝန်ခံ၏ လက်မှတ်ဖြင့်ရယူလျက် တရားရုံးသို့ တင်ပြရမည် သို့မဟုတ် ယင်းအမိန့်မိတ္တူမှန်အား တောင်းခံခဲ့ရာ၌ ပေးရန်ငြင်းဆိုသည့်ကိစ္စတွင် ယင်းအချက်နှင့် ပတ်သက်၍ ဖော်ပြသည့် ကျမ်းကျိန်လွှာ တင်ပြရမည်။

၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂ) အရ အမိန့်ချမှတ်ပေးပါရန် လျှောက်ထားသည့် လျှောက်ထားလွှာတွင် အကျဉ်းသားကျခံနေရသည့် အကျဉ်းထောင် သို့မဟုတ် အချုပ်စခန်းနှင့် ၎င်း၏တာဝန်ခံအရာရှိ၊ အကျဉ်း သို့မဟုတ် အချုပ်ကျခံနေရသည့်ဖြစ်စဉ်နှင့် အကျဉ်း သို့မဟုတ် အချုပ်ကျခံစေရန် ချမှတ်သည့် အချိန်ကာလတို့ကို ဖော်ပြရမည်။ ထို့အပြင် ၎င်း၏သက်သေခံချက်မှာ ယခု လိုအပ်လျက်ရှိသည်ဆိုခြင်းနှင့်ပတ်သက်သည့် အကြောင်းခြင်းရာကို ဖော်ပြရမည်။

၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဃ) အရ အမိန့်ချမှတ်ပေးပါရန် လျှောက်ထားရာ၌ လျှောက်ထားသူသည် လျှောက်လွှာအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားစီရင်ရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးထံသို့ လိပ်မူလျက် ရေးသားတင်သွင်းပြီး ထိုလျှောက်လွှာတွင် တရားရုံးတစ်ရုံးရုံး သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ရှိသူက လက်မှတ်ရေးထိုးရမည်။ ထိုလျှောက်လွှာ၌ တရားရုံးတစ်ရုံးရုံး သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခု၏ ရုံးထိုင်ခြင်း၊ ဆောင်ရွက်ခြင်းအကြောင်းကို ဖော်ပြလျက် အကျဉ်းသားအား မည်သည့် အကျဉ်းထောင်၌ ထားရှိကြောင်းနှင့် ၎င်းအား အကျဉ်းချထားခြင်းနှင့်ပတ်သက်သည့် အကြောင်းအချက်အလက်များကို ဖော်ပြလျက် ၎င်းအား မည်သည့်နေရာ၊ မည်သည့်အချိန်၌ မည်သည့်ကိစ္စအတွက် တင်ပို့ရမည်ဆိုသည့်အချက်ကို ဖော်ပြရမည်။

၁၀။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င) အရ အမိန့်ချမှတ်ပေးပါရန် လျှောက်ထားရာ၌ လျှောက်လွှာတွင် အတည်ပြုထားသည့် ကျမ်းကျိန်လွှာဖြင့် အကျဉ်းသားအား မည်သည့် နေရာ၌ အကျဉ်းချထားရှိကြောင်းနှင့် ၎င်းအား အကျဉ်းချထားခြင်းနှင့်ပတ်သက်သည့် အကြောင်းအချက်အလက်များကို ဖော်ပြလျက် ၎င်းအား အခြားမည်သည့်အကျဉ်းထောင် သို့မဟုတ် အကျဉ်းစခန်းသို့ ပြောင်းရွှေ့ပေးစေလိုကြောင်းနှင့် မည်သည့်အတွက်ကြောင့် ပြောင်းရွှေ့လိုကြောင်း အကြောင်းပြချက် ဖော်ပြရမည်။ ထိုသို့ လျှောက်ထားသည့် လျှောက်လွှာနှင့်ပတ်သက်၍ အကျဉ်းသားထံ နို့တစ်စာ ပေးပို့ရမည်။

## အခန်း (၄)
## အမှုကြားနာရာ၌ ဆောင်ရွက်ရန်နည်းလမ်း

၁၁။ အထက်ပါ လုပ်ထုံးလုပ်နည်းအရ တင်သွင်းသည့် လျှောက်လွှာ သို့မဟုတ် လက်ခံရရှိသည့်စာအား ရာဇဝတ်အထွေထွေမှတ်ပုံတင်စာအုပ်တွင် ရေးသွင်းအမှုဖွင့်လှစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားရေးဦးစီးမှူးထံ အမှုတွဲပေးပို့တင်ပြရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးက အမှုတွဲအား စိစစ်ပြီး လက်ခံသင့် မသင့် ဆုံးဖြတ်ရန် ရုံးခန်းတွင်း တာဝန်ကျတရားသူကြီးတစ်ဦးထံ ပေးပို့တင်ပြရမည်။

၁၃။ ရုံးခန်းတွင်း တာဝန်ကျတရားသူကြီးက အမှုအား ရုံးရှေ့တင်ပို့ရန် ညွှန်ကြားလျှင် လက်ခံသင့် မသင့် လျှောက်လဲချက် ကြားနာနိုင်ရန် နေ့စဉ်အမှုခေါ်စာရင်းတွင် ၇ ရက်အတွင်း ထည့်သွင်းရမည်။

၁၄။ အမှုကို လက်ခံသင့် မသင့် ကြားနာပြီးနောက် လက်ခံကြောင်း အမိန့်ချမှတ်လျှင် လျှောက်ထားခံရသူထံ အကြောင်းကြားစာကို လျှောက်ထားလွှာမိတ္တူ ပူးတွဲလျက် ပေးပို့ရမည်။ ထို့အပြင် နိုင်ငံတော်အတွက်

လိုက်ပါဆောင်ရွက်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံသို့လည်း လျှောက်ထားလွှာမိတ္တူနှင့် အတူ အကြောင်းကြားစာ ပူးတွဲပေးပို့ရမည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးသည် လျှောက်ထားမှုအား ကြားနာစီရင်နိုင်ရေး အတွက် ခုံရုံးဖွဲ့စည်း တာဝန်ပေးအပ်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ထံ တင်ပြရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် ကိုယ်တိုင် သဘာပတိ အဖြစ် ဆောင်ရွက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ပါဝင်သော ခုံရုံးဖွဲ့စည်းပြီး လျှောက်ထားမှုကို ကြားနာဆုံးဖြတ်ရမည်။

၁၇။ ခုံရုံးသည် လျှောက်ထားခံရသူ သို့မဟုတ် လျှောက်ထားခံရသူများထံသို့ ဆင့်ခေါ်သည့် အမိန့်တစ်ရပ် ထုတ်ပြန်ပြီး ၇ ရက်ထက်မပိုသော ရက်ချိန်းသတ်မှတ်ကာ ထိုရက်ချိန်း၌ ရုံးရှေ့သို့ လာရောက်လျက် အဆိုပါ တောင်းဆိုထားသည့်အမိန့်အား အဘယ်ကြောင့် မထုတ်ပြန်သင့်ကြောင်း အကြောင်းပြ ထုချေစေရမည်။ တစ်ချိန်တည်းတွင် တရားဥပဒေနှင့် ဆန့်ကျင်လျက် သို့မဟုတ် တရားနည်းလမ်းမကျစွာဖြင့် ချုပ်နှောင် ထားခြင်းခံနေရသည်ဆိုသောသူ သို့မဟုတ် သူများအား တရားဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ရုံးရှေ့သို့ တင်ပို့စေရန် ဆင့်ဆိုရမည်။

၁၈။ အဆိုပါအမိန့် ပြန်လည်ပေးသွင်းရန် သတ်မှတ်သည့်နေ့ရက် သို့မဟုတ် ကြားနာရန် ချိန်းဆိုသည့် မည်သည့်နေ့ရက်တွင်မဆို အကြောင်းပြထုချေချက်မပြုလျှင် သို့မဟုတ် ပြုလျှင် သို့မဟုတ် ပြုသော်လည်း လက်ခံခြင်းမပြုလျှင် တရားရုံးသည် ဥပဒေနှင့်မညီ နည်းလမ်းမကျစွာ ချုပ်နှောင်ထားခြင်းခံရသူ သို့မဟုတ် သူများအား လွှတ်စေရန် အမိန့်ချမှတ်ရမည် သို့မဟုတ် ၎င်းအား ချုပ်နှောင်ထားသည့် အချုပ်နှင့်သက်ဆိုင်သူ ထံသို့ လွှဲအပ်ရမည်။ လျှောက်ထားချက်အား ခွင့်ပြုပါက ဆင့်ခေါ်ခြင်းအမိန့်အား ရပ်စဲစေရမည်။

၁၉။ အဆိုပါ ဆင့်ခေါ်ခြင်း အမိန့်တစ်ရပ်ရပ် ဆောင်ရွက်ရာ၌ တရားရုံးသည် မိမိ၏ ဆင်ခြင်တုံတရားအရ တစ်ဖက်မှတစ်ဖက်သို့ အမှုနှင့်ပတ်သက်၍ ကုန်ကျစရိတ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၂၀။ အချုပ်ခံနေရသူတစ်ဦးအား တရားရုံးရှေ့သို့ သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခု ရှေ့သို့ သို့မဟုတ် အချုပ်တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့စေရန် တရားရုံးမှ အမိန့်ချမှတ်သည့် ကိစ္စတွင် ဝရမ်းအမိန့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးက ရေးသားလက်မှတ်ရေးထိုး၍ ရုံးတံဆိပ်ခတ်နှိပ်ပေးရမည်။

၂၁။ အဆိုပါ သူသည် အကျဉ်းထောင်၌သော်လည်းကောင်း၊ အခြား အများပြည်သူဆိုင်ရာအချုပ်၌သော် လည်းကောင်း၊ ရှိနေသည့်ကိစ္စတွင် ဝရမ်းအမိန့်ကို ထောင်တာဝန်ခံအရာရှိထံသို့လည်းကောင်း သို့မဟုတ် အများပြည်သူဆိုင်ရာ အချုပ်၏တာဝန်ခံအရာရှိထံသို့လည်းကောင်း ပေးပို့ရမည်။ အခြားကိစ္စရပ်တိုင်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ အခြားခရိုင်များ၌ ဆောင်ရွက်ရန်ဖြစ်လျှင် သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ ၏ ပြဋ္ဌာန်းချက်အရ ဝရမ်းအား အတည်ပြုဆောင်ရွက်ရန် ပေးပို့ရမည် သို့မဟုတ် တရားရုံးမှ ညွှန်ကြားသည့်အတိုင်း အတည်ပြုဆောင်ရွက်ရန် ပေးပို့ရမည်။

၂၂။ ယခင် တရားလွှတ်တော်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ ၂ အရ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ အမိန့်ကြော်ငြာစာ ပြန်တမ်းအမှတ် ၁၀ (အထွေထွေ) ဖြင့် နည်းဥပဒေအဖြစ် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အား ဤလုပ်ထုံးလုပ်နည်းဖြင့် ရုပ်သိမ်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**ပုံစံ - က**

**ဝရမ်းပုံစံ**

**[ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) နှင့် (ခ)]**

**---------------------- တရားလွှတ်တော်၌**

**၂၀----- ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ----------**

[------------------ ၏ အကြောင်းအရာ]

သို့

တာဝန်ခံအရာရှိ

--------------- အကျဉ်းထောင်

သို့မဟုတ်

--------------- အချုပ်စခန်း

သို့မဟုတ်

--------------- ရဲစခန်း

သင်၏အကျဉ်းထောင် သို့မဟုတ် အချုပ်စခန်း သို့မဟုတ် ရဲစခန်း၌ လက်ရှိရောက်ရှိနေသော အကျဉ်းသား/အချုပ်သား အမည် ---------- အား ---------- တရားလွှတ်တော်၊ တရားစီရင်ရေးဌာနသို့ ၂၀----- ခုနှစ် ---------- လ ----- ရက်နေ့ မွန်းမတည့်မီ ၁၀း၃၀ နာရီအချိန်၌ ဥပဒေနှင့်အညီ မေးမြန်းစုံစမ်းရန်အတွက် လုံခြုံကောင်းမွန်စွာ ခေါ်ဆောင်လာစေရန် ဆင့်ဆိုလိုက်သည်။ ထို့အပြင် ယခုအမိန့်အား သင်သည် တရားလွှတ်တော်မှ ချမှတ်ပေးထားသည့်အတိုင်း သွေဖည်ခြင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန်နှင့် --------- တရားလွှတ်တော်မှ အဆိုပါ လူအမည် --------- အား လွှတ်ပစ်ခြင်းမပြုသည့်ကိစ္စ၌ နောက်ထပ်မံ၍ လာရောက်စေခြင်းအား ရပ်ဆိုင်းခြင်းပြုခဲ့လျှင် သင်သည် အဆိုပါလူအား လုံခြုံကောင်းမွန်စွာ မူလအကျဉ်းထောင် သို့မဟုတ် အချုပ်စခန်းသို့ ပြန်လည်ခေါ်ဆောင်သွားစေ။

၂၀------ခုနှစ် -------------လ ------ရက်နေ့၌ ရုံးတံဆိပ်ခတ်နှိပ် ထုတ်ပေးလိုက်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူး
------- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်

**ပုံစံ - ခ**

**ဝရမ်းပုံစံ**

**[ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) နှင့် (ခ)]**

**---------------------- တရားလွှတ်တော်၌**

**၂၀----- ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ----------**

သို့

---------- တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး

-------------------------------------------

----------- ခရိုင်ရဲတပ်ဖွဲ့မှူး

ဤတရားလွှတ်တော်အနေဖြင့် တရားဥပဒေနှင့်ဆန့်ကျင်လျက် သို့မဟုတ် တရားနည်းလမ်းမကျစွာဖြင့် -------------------- တွင် အချုပ်ခံနေရသည်ဆိုသော ------------ (အမည်ထည့်ရန်) အား ဥပဒေနှင့်အညီ မေးမြန်းစုံစမ်းရန်အတွက် လိုအပ်လျက်ရှိသောကြောင့် ဤတရားလွှတ်တော်ရှေ့သို့ ၎င်းအား ခေါ်ဆောင်လာစေရမည်။

အဆိုပါသူ အမည် ------------ အား ------------ နေရာတွင် စုံစမ်းရှာဖွေရန် သင့်အား အခွင့်အာဏာပေးအပ်လိုက်သည်။ တွေ့ရှိပါက ဤရုံးသို့ ၂၀---- ခုနှစ် ----------လ ------ရက်နေ့ မွန်းမတည့်မီ ၁၀း၃၀ နာရီအချိန်၌ တင်ပို့ရမည်။ ထို့အပြင် ယခုဝရမ်းအား ထိုအချိန်၌ပင် သင်၏ ဆောင်ရွက်ချက်ကို ရေးမှတ်၍ ပြန်လည်ပေးပို့ရမည်။

၂၀------ခုနှစ် -------------လ ------ရက်နေ့၌ ရုံးတံဆိပ်ခတ်နှိပ် ထုတ်ပေးလိုက်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူး
------- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်

**ပုံစံ - ဂ**

**ဝရမ်းပုံစံ**

**[ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂ)]**

**--------------------- တရားလွှတ်တော်၌**

**၂၀----- ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ----------**

[------------------ ၏ အကြောင်းအရာ]

သို့

ထောင်တာဝန်ခံအရာရှိ

--------------- အကျဉ်းထောင်

----------- အကျဉ်းထောင်၌ အကျဉ်းသားအဖြစ် ကျခံနေရသူ အမည် ---------အား တရားလွှတ်တော်ရှေ့သို့ ၂၀------ခုနှစ် -----------လ -----ရက်နေ့ မွန်းမတည့်မီ ၁၀း၃၀ နာရီအချိန်၌ လုံခြုံကောင်းမွန်စွာ ခေါ်ဆောင်လာစေရန် ဆင့်ဆိုလိုက်သည်။ ထိုသူအား ဤရုံး၌ စစ်ဆေးဆောင်ရွက်ဆဲဖြစ်သော --------- အမှုနံပါတ် သို့မဟုတ် အကြောင်းကိစ္စ (အကြောင်းကိစ္စဖော်ပြရန်) ၌ သက်သေတစ်ဦးအဖြစ် စစ်ဆေးရန်အတွက်ဖြစ်သည်။ ထို့အပြင် အဆိုပါကိစ္စ -----------၌ သက်သေအဖြစ် ဤရုံးရှေ့၌ ထွက်ဆိုအစစ်ခံပြီးသောအခါ သို့မဟုတ် အဆိုပါရုံးက ၎င်းအား ထပ်မံ၍လာရောက်စေရန် မလိုအပ်သည့်အခါ ၎င်းအား -------- နေရာရှိ အကျဉ်းထောင်သို့ ပြန်လည်ခေါ်ဆောင်သွားစေရမည်။

၂၀------ခုနှစ် -------------လ ------ရက်နေ့၌ ရုံးတံဆိပ်ခတ်နှိပ် ထုတ်ပေးလိုက်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူး
------- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်

**ပုံစံ - ဃ**

**ဝရမ်းပုံစံ**

**[ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဃ)]**

**--------------------- တရားလွှတ်တော်၌**

**၂၀----- ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ----------**

[------------------ ၏ အကြောင်းအရာ]

သို့

ထောင်တာဝန်ခံအရာရှိ

--------------- အကျဉ်းထောင်

---------- အကျဉ်းထောင်၌ အကျဉ်းသားအဖြစ်ကျခံနေရသူ --------- အား တရားရုံးတစ်ရုံးရုံးရှေ့သို့ သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခုရှေ့သို့ဖြစ်စေ၊ အဆိုပါ --------- အမည်အား ဆောင်ရွက်ဆဲအမှု၌သော်လည်းကောင်း၊ အကြောင်းအရာ (ဖော်ပြရန်) ၌သော်လည်းကောင်း၊ စစ်ဆေးကြားနာရန် သို့မဟုတ် သက်သေတစ်ဦးအဖြစ် စစ်ဆေးရန် ၂၀-----ခုနှစ် -----------လ -----ရက်နေ့ မွန်းမတည့်မီ ------- နာရီအချိန်၌ လုံခြုံကောင်းမွန်စွာ ခေါ်ဆောင်လာစေရန် ဆင့်ဆိုလိုက်သည်။ ထို့အပြင် အဆိုပါတရားရုံးရှေ့၌ သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းရှေ့၌ ထိုသူအား စစ်ဆေးကြားနာမှုပြီးသည့်အခါ သို့မဟုတ် သက်သေအဖြစ် အစစ်ခံပြီးသည့်အခါ အဆိုပါတရားရုံး သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းက ၎င်းအား ထပ်မံ၍လာရောက်စေရန် မလိုအပ်သည့်အခါ ၎င်းအား ---------- အကျဉ်းထောင်သို့ လုံခြုံကောင်းမွန်စွာ ပြန်လည်ခေါ်ဆောင်သွားစေရမည်။

၂၀------ခုနှစ် -------------လ ------ရက်နေ့၌ ရုံးတံဆိပ်ခတ်နှိပ် ထုတ်ပေးလိုက်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူး
------- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်

**ပုံစံ - င**

**ဝရမ်းပုံစံ**

**[ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)]**

**၂၀----- ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ----------**

[------------------ ၏ အကြောင်းအရာ]

သို့

ထောင်တာဝန်ခံအရာရှိ

--------------- အကျဉ်းထောင်

----------- အကျဉ်းထောင်၌ လက်ရှိအကျဉ်းသားအဖြစ်ရောက်ရှိနေသူ ----------- အမည်အား --------- အရပ်ရှိ အကျဉ်းထောင်သို့ လုံခြုံကောင်းမွန်စွာ ---------- ရက်နေ့၌ သို့မဟုတ် ထိုနေ့မတိုင်မီ ခေါ်ဆောင်သွားစေရန်နှင့် အဆိုပါထောင်တွင် ထိန်းသိမ်းထားရှိရန်အတွက် အဆိုပါ ထောင်တာဝန်ခံအရာရှိထံသို့ လွှဲပြောင်းအပ်နှံပေးစေရန် ဆင့်ဆိုလိုက်သည်။ ထိုအကျဉ်းသားသည် ----------- မြို့ရှိ တရားရုံးရှေ့၌ စစ်ဆေးစီရင်ခြင်းခံရန်အတွက်ဖြစ်သည်။

၂၀------ခုနှစ် -------------လ ------ရက်နေ့၌ ရုံးတံဆိပ်ခတ်နှိပ် ထုတ်ပေးလိုက်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူး

------- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၉၄၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်မိုးဇူလိုင်ထွန်း<br>တ/၃၄၄၆ | ကျောင်းကုန်း<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဒေါ်ချိုမွန်မွန်ကို<br>တ/၃၄၈၄ | ပျဉ်းမနား<br>မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဒေါ်မေသက်ဦး<br>တ/၃၄၅၂ | တပ်ကုန်း<br>မန္တလေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်ဖွန်ပွင့်ဖြူ<br>တ/၃၄၇၀ | ထားဝယ်<br>တနင်္သာရီတိုင်းဒေသကြီး |
| ၅။ | ဒေါ်နန်းလဲ့ရည်စိုးဦး<br>တ/၃၄၅၀ | အမရပူရ<br>မန္တလေးတိုင်းဒေသကြီး |
| ၆။ | ဒေါ်ဝေမွန်သက်နွယ်<br>တ/၃၅၁၁ | ပုသိမ်ကြီး<br>မန္တလေးတိုင်းဒေသကြီး |
| ၇။ | ဒေါ်ရည်မွန်ထက်<br>တ/၃၅၀၅ | နွားထိုးကြီး<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၉)၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများများမှ အဆက် ]**

ပုံစံ (၁၉-က)

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ**

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသည့် ဆန္ဒမဲစာရင်း**

**[၅]"(မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုအတွင်းသာပါဝင်ပါက အသုံးပြုမည့် ပုံစံ)"**

**[နည်းဥပဒေ ၆၈ (က)]**

အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (     )  ---------------------------- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်  ------------------------ ခရိုင်

| အမှတ်စဉ် | မြို့နယ်အမည် | လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည် | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဦးဖြူ | | | ဦးနီ | | | ဦးမဲ | | | |
| | | ဆန္ဒမဲလက်မှတ် | ကြိုတင်ဆန္ဒမဲလက်မှတ် | ပေါင်း | ဆန္ဒမဲလက်မှတ် | ကြိုတင်ဆန္ဒမဲလက်မှတ် | ပေါင်း | ဆန္ဒမဲလက်မှတ် | ကြိုတင်ဆန္ဒမဲလက်မှတ် | ပေါင်း | |
| ၁ | ကျောက်တံတား | | | | | | | | | | |
| ၂ | ဗိုလ်တထောင် | | | | | | | | | | |
| ၃ | လသာ | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | ရရှိသောဆန္ဒမဲစုစုပေါင်း | | | | | | | | | | |

**မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။**

လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်များလက်မှတ်နှင့်အမည်

၁။ ------------------------------------

၂။ ------------------------------------

၃။ ------------------------------------

၄။ ------------------------------------

အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်

၁။ ------------------------------------

၂။ ------------------------------------

၃။ ------------------------------------

၄။ ------------------------------------

ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များလက်မှတ်နှင့်အမည်

၁။ ဥက္ကဋ္ဌ ------------------------

၂။ အတွင်းရေးမှူး ------------------

၃။ အဖွဲ့ဝင် ------------------------

၄။ အဖွဲ့ဝင် ------------------------

ရက်စွဲ၊ ------------------------------------

မှတ်ချက်။ (၁) လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေမှာ နမူနာတင်ပြထားသည့် သုံးဦးထက်ပိုမိုပါက ပုံစံ (၁၉-က) ကို စာမျက်နှာနံပါတ်တပ်၍ ဖြည့်သွင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

(၂) ဤပုံစံတွင် လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။

(၁) ပထမအကြိမ် ပြင်ဆင်ထားပါသည်။

(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။

(၅) ပဉ္စမအကြိမ် ပြင်ဆင်ထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅ အား အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းပြုစုရာတွင် -

(က) ကော်မရှင်ကသတ်မှတ်သော လူဦးရေစာရင်းပုံစံဇယားနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေ(မသန်စွမ်းသူများ အပါအဝင်) စာရင်းတို့ကို ရယူအခြေခံပြီး ပြုစုရမည်။

(ခ) လိုအပ်ပါက လက်ရှိမဲစာရင်းကို အခြေခံရယူ၍ ပြုစုနိုင်သည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ တွင်ပါရှိသော "အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားသည့်အခါ ယင်းတို့သည် မဲဆန္ဒရှင်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်၍ မဲစာရင်းတွင် အမည်ထည့်သွင်းရမည်။ သတ်မှတ်သည့်ရက်ထက် ကျော်လွန်လျှောက်ထားလာပါက အရေးယူဆောင်ရွက်ခြင်း မပြုရ။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (က) တွင်ပါရှိသော "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၂) တွင်ပါရှိသော "တစ်မျက်နှာလျှင် ငွေ ၂၅ ကျပ်နှုန်း" ဆိုသည့်စကားရပ်ကို "ကော်မရှင်က သတ်မှတ်ထားသည့်နှုန်းအတိုင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ (မသန်စွမ်းသူများ အပါအဝင်) လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေး၊ သတ်မှတ်ထားသော မဲပေးချိန်အတွင်း မဲဆန္ဒရှင်များအားလုံး မဲပေးနိုင်ရေးနှင့် လျှို့ဝှက်ဆန္ဒပြုနိုင်ရေးတို့ကို ရှေးရှု၍ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရမည့် ဦးရေနှင့် မဲရုံအရေအတွက်ကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်။ မဲရုံတွင် မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိရမည်။

(၂) ကော်မရှင်၏ တာဝန်ပေးချက်နှင့်အညီ တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေထိုင်ကြသည့် အိမ်ထောင်စုဝင်များနေထိုင်ရာ တပ်ရင်းတပ်ဖွဲ့များအတွက် မဲရုံနေရာသတ်မှတ်ရာ၌ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်များနှင့်အတူ ဆန္ဒမဲပေးနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်မည့် ထိုတပ်ရင်းတပ်ဖွဲ့၏ပြင်ပ သင့်လျော်သည့်နေရာတွင် သတ်မှတ်ပေးရမည်။"

(ခ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (ဆ) ၏နောက်၌ နည်းဥပဒေခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ဆန္ဒမပြုမီ အကြောင်းတစ်ခုခုကြောင့် ဆန္ဒမဲလက်မှတ်မတော်တဆ ပျက်စီးခဲ့ပါက ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ထုတ်ပေးရမည်။ ထိုသို့ ထုတ်ပေးကြောင်းကို မှတ်တမ်းတင်ထားရမည်။"

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၇) တွင်ပါရှိသော "ရွေးကောက်ပွဲလေ့လာသူများ" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ တွင် -

(က) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၆) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၆) နည်းဥပဒေခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကိုမထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်သည်။"

(ခ) နည်းဥပဒေခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲပေးသူများ၏ အမည်စာရင်းကို ယင်းတို့နှင့်သက်ဆိုင်သော မဲစာရင်းများနှင့်ယှဉ်တွဲပြီး ရေးမှတ်ထားရမည်။ ယင်းတို့က ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို မဲရုံအလိုက် ချိပ်ပိတ်ထားသည့် သက်ဆိုင်ရာ မဲပုံးများအတွင်းသို့ သက်သေများရှေ့တွင် ထည့်သွင်း၍ လုံခြုံစွာ သိမ်းဆည်းထားရမည်။"

(ဂ) နည်းဥပဒေခွဲ (ဇ) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) နည်းဥပဒေခွဲ (က)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့ပါ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်သည်။"

၁၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) နှင့် (၄) တို့အား အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသော ပုံစံ (၁၅) များကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပုံစံ (၁-၁) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင်ပါရှိသော ယင်းတို့၏အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲ ပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၁) မိတ္တူတစ်စောင်ကို မိမိတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၁) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

"(၄) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာတပ်မှူးထံမှ စာဖြင့် တောင်းယူရမည်။ ထိုစာရင်းများရရှိသည့်အခါ သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏စာရင်းကို ပုံစံ (၁-၂) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင် ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၂) မိတ္တူတစ်စောင်ကို မိမိတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၂) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

၁၁။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၇၊ နည်းဥပဒေခွဲ (ဂ) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသောပုံစံများကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပုံစံ (၁-၃) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင်ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၃) မိတ္တူတစ်စောင်ကို မိမိတို့ ရပ်ကွက် သို့မဟုတ်

ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၃) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

၁၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၀ တွင် -

(က) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေ အိမ်ထောင်စုဝင်များအတွက်ဖြစ်လျှင် ကော်မရှင်က သတ်မှတ်ပေးသော နေ့ရက်နှင့်အချိန်အတွင်း၌သာ သက်ဆိုင်ရာတပ်ဖွဲ့၌ တာဝန်အရှိဆုံးပုဂ္ဂိုလ်က စီစဉ်ပေးသည့်နေရာ၌ ယင်းတပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့် အတိုင်းရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်ထံသို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။ ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်သည် ယင်းကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသည့် စာအိတ်များကို စုစည်းပြီးသည့်အခါ သက်ဆိုင်ရာ တပ်မှူးထံသို့ ပြန်လည်ပေးပို့ရမည်။"

(ခ) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသားများနှင့် သင်တန်းသားများအတွက်ဖြစ်လျှင် ကော်မရှင်က သတ်မှတ်ပေးသော နေ့ရက်နှင့် အချိန်အတွင်း၌သာ သက်ဆိုင်ရာပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးက စီစဉ်ပေးသည့် နေရာ၌ ယင်းကျောင်းသားများ သို့မဟုတ် သင်တန်းသားများက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးထံသို့ ချက်ချင်းပြန်လည် ပေးအပ်ရမည်။"

(ဂ) နည်းဥပဒေခွဲ (ဂ)၊ ခြေဆင်းအား အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) မဲဆန္ဒနယ်ပြင်ပရောက် ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများနှင့်ပတ်သက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို လက်ခံရရှိသောအခါ သက်ဆိုင်ရာဆေးရုံတာဝန်ခံသည် ကော်မရှင်က သတ်မှတ်ပေးသောနေ့ရက်နှင့်အချိန်အတွင်း၌သာ အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည် -"

၁၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (က) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိ မိမိလက်ဝယ်ရရှိထားသည့်ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူများရှေ့မှောက်တွင် ပုံစံ (၁-၁)၊ (၁-၂)၊ နှင့် (၁-၃) တို့ဖြင့် တိုက်ဆိုင်စိစစ်၍ ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈) တွင် ဖြည့်သွင်းရမည်။ ပယ်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍ ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် ပုံစံ (၁၇-က) တွင် မှတ်တမ်းတင်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးထားရမည်။ ယင်း ပုံစံ (၁၈) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက

ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။"

၁၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၇၄ အား အောက်ပါအတိုင်း အစားထိုးရမည် -

"၇၄။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ရွေးကောက်ပွဲကုန်ကျစရိတ်အဖြစ် ငွေကျပ် သိန်းတစ်ရာထက်ပို၍ သုံးစွဲခြင်းမပြုရ။ သို့ရာတွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂ (ခ) အရ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်ပါက ငွေကျပ် သိန်းတစ်ရာ့ငါးဆယ်အထိ သုံးစွဲနိုင်သည်။"

၁၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၈၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၆။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်၏ရွေးကောက်ပွဲမှတ်တမ်းအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ပေးပို့ပြီး မိတ္တူတစ်စောင်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ ပေးပို့ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မိမိတို့လက်ခံရရှိသော မဲစာရင်းများအပါအဝင် ရွေးကောက်ပွဲမှတ်တမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ကုန်ကျစရိတ်စာရင်းများ၊ အခြားစာရွက်စာတမ်းများကို ရွေးကောက်ပွဲပြီးသည့်နေ့မှစ၍ နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲပြုလုပ်ပြီးစီးသည်အထိ မပျောက်မပျက်စေရန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရမည်။"

၁၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၆။ ကော်မရှင်သည် -

(က) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့် ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ရွေးကောက်ပွဲတွင် ပါဝင်သက်ဆိုင်သူများနှင့်ညှိနှိုင်း၍ လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးမှုအခြေအနေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ရွေးကောက်ပွဲ ကျင်းပပြီးသည့်နေ့မှ ၄၅ ရက်အတွင်း အစီရင်ခံစာ ထုတ်ပြန်ကြေညာရမည်။"

၁၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပုံစံ (၃-က) တွင်ပါရှိသော "ရက်ပေါင်း ၁၈၀ ထက်မနည်း" ဆိုသည့်စကားရပ်ကို "ရက်ပေါင်း ၉၀ ထက်မနည်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ နည်းဥပဒေပါ ပုံစံ (၁၅) နှင့် ပုံစံ (၁၆) တို့အား ပူးတွဲပါအတိုင်း အစားထိုးရမည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံစံ (၃-က)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာ**
[နည်းဥပဒေ ၁၀ (က)]

သို့

ဥက္ကဋ္ဌ
------------------------- ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
------------------------------ မြို့နယ်

| | | |
|---|---|---|
| (၁) | တောင်းဆိုသူအမည် | ---------------------------------------- |
| (၂) | ကျား/မ | ---------------------------------------- |
| (၃) | မွေးသက္ကရာဇ် | ------------------------------အသက် (     ) |
| (၄) | မှတ်ပုံတင်အမှတ် | ---------------------------------------- |
| (၅) | အဘအမည် | ---------------------------------------- |
| (၆) | အမိအမည် | ---------------------------------------- |
| (၇) | လက်ရှိနေရပ်လိပ်စာ | ---------------------------------------- |
| (၈) | အလုပ်အကိုင် | ---------------------------------------- |
| (၉) | လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီ/လုပ်ငန်းအမည် | ---------------------------------------- |
| (၁၀) | အမြဲတမ်းနေရပ်လိပ်စာ | ---------------------------------------- |
| (၁၁) | အမြဲတမ်းနေရပ်၏ ရပ်ကွက်/ကျေးရွာအုပ်စုအမည် | ---------------------------------------- |
| (၁၂) | အမြဲတမ်းနေရပ်၏မြို့နယ်အမည် | ---------------------------------------- |
| (၁၃) | အမြဲတမ်းနေရပ်၏မြို့အမည် | ---------------------------------------- |

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါ စာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

--------------------------------------------------------------------------------
--------------------------------------------------------------------------------
--------------------------------------------------------------------------------

(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။
(၄) စတုတ္ထအကြိမ် ပြင်ဆင်ထားပါသည်။

**ဝန်ခံချက်**

အထက်ပါ အချက်များအားလုံး မှန်ကန်ပါသည်။ တောင်းဆိုသူသည် မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ -------------------------------------

**လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်**

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် ------------------ သည် မိမိတို့ -------- ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် (အလုပ်အကိုင်) ---------------- အဖြစ် "[၅]ရက်ပေါင်း (၉၀) ထက်မနည်း" လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်
လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ---------------------------------------

မှတ်ချက်။　အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

**ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်**

လျှောက်ထားသူ ဦး/ဒေါ် ---------------- သည် ---------------- ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် (အလုပ်အကိုင်) ------------------------ အဖြစ် "[၅]ရက်ပေါင်း( ၉၀) ထက်မနည်း" အလုပ်လုပ်ကိုင်လျက်ရှိကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
--------------------- ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ ---------------------------------------

(၅) ပဥ္စမအကြိမ် ပြင်ဆင်ထားပါသည်။

ပုံစံ (၁၅)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ**
[နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က)]

ဥက္ကဋ္ဌ
------------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ --------------- သည် ------------- ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏အမည် ------------------------------------------
(၂) တိုင်းရင်းသားလူမျိုး ------------------------------------------
(၃) မှတ်ပုံတင်အမှတ် ------------------------------------------
(၄) မွေးသက္ကရာဇ် (အသက်) ------------------------------------------
(၅) အဘအမည် ------------------------------------------
(၆) အမိအမည် ------------------------------------------
(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ-အမှတ် (      ) --------------------- လမ်း/ကျေးရွာ ----------------------------------- ရပ်ကွက်/ကျေးရွာအုပ်စု၊ ----------------- မြို့နယ်၊ --------------------------- တိုင်းဒေသကြီး/ပြည်နယ်
(၅)(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------------------------
ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန(ပြည်တွင်း) ------------------------------------------
(၉) ***တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------------------------
ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ (ပြည်ပ) ------------------------------------------
---------------------------------------------------------------------------
(၃)(နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်အက္ခရာဖြင့် ရေးသွင်းရန်)

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ ------------------------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်။
** ပြည်တွင်းတွင် ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။
*** ပြည်ပတွင် ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။

---

(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။
(၅) ပဉ္စမအကြိမ် ပြင်ဆင်ထားပါသည်။

ပုံစံ (၁၆)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း
## [နည်းဥပဒေ ၆၆ (င)]

---------------------------------မြို့နယ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (     ) ရပ်ကွက်/ကျေးရွာအုပ်စု --------------------

မဲရုံအမှတ် (   )

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် | ကိုယ်စားပြုသောပါတီ (သို့မဟုတ်) တစ်သီးပုဂ္ဂလ | ရရှိသောဆန္ဒမဲအရေအတွက် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ဆန္ဒမဲလက်မှတ်ဖြင့် | ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် | စုစုပေါင်း | | |
| | | | | | ဂဏန်းဖြင့် | စာဖြင့် | |
| | | | | | | | (၅)"၁။ မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်" = |
| | | | | | | | ၂။ မဲပုံးထဲမှထုတ်ယူရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် = |
| | | | | | | | |
| | | | | | | | (၅)"၃။ ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် ဆန္ဒမဲလက်မှတ်ပေါင်း (ပယ်မဲ၊ ပျောက်မဲမပါ)" = |
| | | | | | | | |
| | | | | | | | ၄။ ပယ်မဲပေါင်း = |
| | | | | | | | ၅။ ပျောက်မဲပေါင်း = (၁+၂ = ၃+၄+၅) |

**မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။**

မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည်
၁။ ---------------------------------------------
၂။ ---------------------------------------------
၃။ ---------------------------------------------
၄။ ---------------------------------------------

အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်
၁။ ---------------------------------------------
၂။ ---------------------------------------------
၃။ ---------------------------------------------
၄။ ---------------------------------------------

မဲရုံမှူး/မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည်
၁။ မဲရုံမှူး ------------------------------
၂။ မဲရုံအဖွဲ့ဝင် ----------------------------
၃။ မဲရုံအဖွဲ့ဝင် ----------------------------
၄။ မဲရုံအဖွဲ့ဝင် ----------------------------

ရက်စွဲ၊ ---------------------------------------------

(၂)"မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။"

---

(၂) ဒုတိယအကြိမ် ပြင်ဆင်ထားပါသည်။
(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။
(၅) ပဉ္စမအကြိမ် ပြင်ဆင်ထားပါသည်။

**သက်သေများစာရင်း**

၁။ ဦး/ဒေါ် ----------------------------------------------------------------------------------------
၂။ ဦး/ဒေါ် ----------------------------------------------------------------------------------------
၃။ ဦး/ဒေါ် ----------------------------------------------------------------------------------------
၄။ ဦး/ဒေါ် ----------------------------------------------------------------------------------------
၅။ ဦး/ဒေါ် ----------------------------------------------------------------------------------------
၆။ ဦး/ဒေါ် ----------------------------------------------------------------------------------------
၇။ ဦး/ဒေါ် ----------------------------------------------------------------------------------------
၈။ ဦး/ဒေါ် ----------------------------------------------------------------------------------------
၉။ ဦး/ဒေါ် ----------------------------------------------------------------------------------------
၁၀။ ဦး/ဒေါ် ----------------------------------------------------------------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

### ဆပ်ကော်မတီများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ **e-Government** စနစ်အား ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် **e-Government** အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သည့် ဆပ်ကော်မတီများမှ **ပြန်ကြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ** တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဦးဝင်းထွဋ်ရှိ အဖွဲ့ဝင် **အစား** ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်သီသီမာ ဖြင့် ပြင်ဆင်၍လည်းကောင်း ဖွဲ့စည်းလိုက်သည်။

မင်းသူ
ဥက္ကဋ္ဌ
e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

### ဆပ်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ **e-Government** စနစ်အား ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် **e-Government** အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သည့် ဆပ်ကော်မတီများမှ **ပြန်ကြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ** တွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော် အတွင်းရေးမှူး **အစား** နိုင်ငံခြားစီးပွားဆက်သွယ်ရေး

ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောကလျာစု အတွင်းရေးမှူးဖြင့် ပြင်ဆင်၍လည်းကောင်း ဖွဲ့စည်းလိုက်သည်။

မင်းသူ
ဥက္ကဋ္ဌ
e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

**အဆင့်မီပုဂ္ဂလိက Data Center ငှားရမ်းနိုင်ရေး**
**စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ e-Government စနစ်ကို အမြန်အကောင်အထည် ဖော်နိုင်ရေးအတွက် အဆင့်မီပုဂ္ဂလိက Data Center တစ်ခုအား ငှားရမ်းအသုံးပြုနိုင်ရေး စိစစ်ရေးကော်မတီ တစ်ခုဖွဲ့စည်းနိုင်ရန် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအောက်ရှိ အခြေခံ အဆောက်အဦ၊ စနစ်၊ ပုံစံနှင့် ဒီဇိုင်းဆပ်ကော်မတီနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဆပ်ကော်မတီတို့မှ အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် "အဆင့်မီပုဂ္ဂလိက Data Center ငှားရမ်းနိုင်ရေး စိစစ်ရေးကော်မတီ" အား ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **အဆင့်မီ ပုဂ္ဂလိက Data Center ငှားရမ်းနိုင်ရေးစိစစ်ရေးကော်မတီ**

(၁) ဦးစိုးသိန်း — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဦးဟန်မျိုးအောင် — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၃) ဦးသောင်းစုငြိမ်း — အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၄) ဒုတိယဗိုလ်မှူးကြီးဝင်းမင်းဦး — အဖွဲ့ဝင်
စစ်ဦးစီးမှူး (ပထမတန်း)
စစ်ဘက်ရေးရာလုံခြုံရေးဌာန (နည်းပညာ)
ကာကွယ်ရေးဝန်ကြီးဌာန

(၅) ရဲမှူးကြီးထွန်းနေဝင်း — အဖွဲ့ဝင်
ဌာနမှူး
ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၆) ဦးရဲနိုင်မိုး အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ခ ) **အဆင့်မီပုဂ္ဂလိက Data Center ငှားရမ်းနိုင်ရေးစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ အား လိုက်နာဆောင်ရွက်ရန်၊

(၂) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ရန်၊

(၃) နည်းပညာပိုင်းဆိုင်ရာ စိစစ်အကဲဖြတ်ရန်၊

(၄) တင်ဒါများကို စိစစ်အကဲဖြတ်ရန်၊

(၅) e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ လုပ်ငန်းဆောင်ရွက်ချက်များ အခါအားလျော်စွာ အစီရင်ခံတင်ပြရန်၊

(၆) လိုအပ်ပါက e-Government ဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြရန်။

မင်းသူ
ဥက္ကဋ္ဌ
e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

အမှတ် ၆၇၄/၂၀၁၉ ။ ။ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဒေါ်မွှေးမွှေးခိုင် အား အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၇၅/၂၀၁၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၉/၂၀၁၉ ကို ရည်ညွှန်းလျက် နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို အား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထား လိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၃၈၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၉/သီလဝ-၃)၊ ဦးပိုင်အမှတ် (၂ᶜ)၊ မြေကွက်အမှတ် (၂၆၇)၊ **မြေဧရိယာ ၀. ၀၈၆ ဧက** ရှိ မြေအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ **ခရိုင်သာသနာရေးမှူးရုံး (ဝန်ထမ်းအိမ်ရာ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၉၀/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၆၇/တမာပင်ကွင်း)၊ ဦးပိုင်အမှတ် (၅၅)၊ **မြေဧရိယာ ၁. ၂၄ ဧက** ရှိ မြေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ **မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မုံရွာမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၃၉၁/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာ အုပ်စု၊ ကွင်းအမှတ်/အမည်-၂၇၂/ကျောက်နီမော်ကွင်း၊ မြေအမျိုးအစား-အဆောက်အဦမြေ၊ ဦးပိုင်အမှတ် (၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၅၊ ၇၉၊ N-၄၈) ရှိ **မြေဧရိယာ ၁၅. ၆၆ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၁၃/၁-ကော်မတီ/မြေ(ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၅. ၆၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၃၉၂/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၆၆၈ (က)/ကျွဲကူးတောင်ကွင်း၊ မြေအမျိုးအစား-$G_2$၊ ဦးပိုင်အမှတ် (က-၁၃/၂) ရှိ **မြေဧရိယာ ၈. ၁၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည် စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၁၄/၁-ကော်မတီ/မြေ(ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၈. ၁၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၉၃/၂၀၁၉)

